
mgyoe.com SAMPLE BOOK



# နှလုံးသား ဓာတ်စာ

mgyoe.com

mgyoe.com SAMPLE BOOK



ISBN 978-99971-44-19-5
K0406
9 789997 144195 >

COVERDESIGN : NAYMYOSAY

mgyoe.com SAMPLE BOOK

ပုံနှိပ်မှတ်တမ်း


ထုတ်ဝေသူ - ဦးကျော်ဇင်၊ ကံ့ကော်ဝတ်ရည်စာပေ(၀၀၄၅၄)
၅၁၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ပထမအကြိမ် - မတ်လ၊ ၂၀၂၀ ပြည့်နှစ်။
အုပ်ရေ - ၁၀၀၀
မျက်နှာဖုံးပုံနှိပ် - အောင်သိန်းသန်းပုံနှိပ်တိုက် (၀၀၄၃၅)
အမှတ်-၁၃၈၊ ဗိုလ်ချုပ်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
အတွင်းပုံနှိပ် - မျိုးမျိုး ပုံနှိပ်တိုက် (၀၁၅၃၃)
အမှတ်-၁၁၊ ၅၆-လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးသရုပ်ဖော်- နေမျိုးဆေး
တန်ဖိုး - ၂၈၀၀ ကျပ်

mgyoe.com

mgyoe.com
SAMPLE BOOK

# နှလုံးသားဓာတ်စာ

**မယ်မွေး**



mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

## မာတိကာ


| | |
|---|---|
| နှလုံးသားဓာတ်စာ အမှာ | ၉ |
| -မယ်မွေးနှင့် မဟာသင်္ကြန်စာ | ၁၅ |
| -မယ်မွေးနဲ့ တံတားပေါ်က နှစ်ခွန်းသောစကား | ၂၁ |
| -ဝံသာမနုတနု မယ်မွေး | ၂၉ |
| -မယ်မွေးနှင့် စာကလေး | ၃၃ |
| -မယ်မွေးနှင့် ကုန်ဈေးနှုန်း | ၃၇ |
| -မယ်မွေးနှင့် ဂလိုဘယ်လိုက်ဇေးရှင်း | ၄၂ |
| -မယ်မွေးနှင့် ယဉ်ခြင်းဆုတောင်း | ၄၇ |
| -မယ်မွေးနှင့် ပြဇာတ်ဆန်သူ | ၅၁ |
| -မယ်မွေးနှင့် လည်ရသော ဂျင် | ၅၈ |
| -မယ်မွေးနှင့် ထိထိုးကြသူများ | ၆၃ |
| -မယ်မွေးနှင့် သမီးတောင်းခြင်း ဓလေ့ | ၆၈ |
| -မယ်မွေးနှင့် လမ်းပေါ်က စိတ်ပညာ | ၇၈ |
| -မယ်မွေးနှင့် မုန့်လက်ဆောင်း | ၈၅ |
| -မယ်မွေးနှင့် ဦးလေး | ၈၉ |
| -ထက်မြက်သောမိန်းမများနှင့် မယ်မွေး | ၉၉ |
| -မယ်မွေးနှင့် ဦးကြီးစတစ်ဂလစ်တို့ ပြန်လည်တွေ့ဆုံခြင်း | ၁၀၃ |
| -မယ်မွေးနှင့် ဦးကြီးစတစ်ဂလစ်တို့ ပြန်လည်တွေ့ဆုံခြင်း (၂) | ၁၀၇ |
| -မယ်မွေးနှင့် ဂျပန်ပြည် ခရီးစဉ် | ၁၁၅ |
| -ဆရာညီပုလေး၏ ပုံပြင်နှင့် မယ်မွေး | ၁၂၀ |
| -မယ်မွေး၊ ဦးလတ်နှင့် ဂျန်ဒါ | ၁၂၈ |
| -မယ်မွေးနဲ့ ချစ်တယ်ဆိုတဲ့ ကိစ္စ | ၁၃၂ |
| -ဒေါက်တာဖြစ်ချင် အလွယ်လေး၊ ငွေခြောက်ရာသာ ပေး | ၁၃၇ |
| -မယ်မွေးနှင့် အကြွေးထူရခြင်း အကြောင်း | ၁၄၂ |


mgyoe.com

mgyoe.com SAMPLE BOOK

-မယ်မွေးနှင့် ဆုတံဆိပ်ရှင်များ ၁၄၇
-မယ်မွေးနှင့် တစ်ပတ်လန်း (တစ်ပတ်နွမ်း မဟုတ်သော) ဆိုင်ကလေးများ ၁၅၃
-မယ်မွေးနှင့် အားကစား ၁၅၉
-မယ်မွေးနှင့် ဈေး ၁၆၆
-မယ်မွေးနှင့် ကြော်ငြာ ၁၇၁
-မြို့ရောက် မယ်မွေးနှင့် ခိုညည်းချင်း ၁၇၅
-မယ်မွေး၏ ရေလိုက် ငါးလိုက် ၁၇၉
-မယ်မွေးနှင့် သူ၏ ဖြစ်တည်ခြင်း ၁၈၄

❖

mgyoe.com

mgyoe.com SAMPLE BOOK



# ကိုယ်ရေးအကျဉ်း

ပင်လယ်သို့ စီးဝင်တော့မည့် သံလွင်မြစ်ကြီးကို မေးတင်ပြီး ရှိသော တံငါရွာကြီး တစ်ရွာတွင် မယ်မွေး မွေးဖွားကြီးပြင်းသည်။ မော်လမြိုင်မြို့တွင် အထက်တန်း ကျောင်း အောင်မြင်ပြီးနောက် သံနည်း တမန်နည်းများကို သင်ယူအံ့ဟု နိုင်ငံတကာ ဆက်ဆံရေးပညာ သင်တန်းများကို ရန်ကုန်တက္ကသိုလ်တွင် လာရောက် သင်ယူ သော်လည်း သူ တက်ရောက်သော နှစ်တွင်ပင် ကျောင်းများ ပိတ်လိုက်သဖြင့် ကံဆိုးသူမောင်ရှင် မဲကျသော အုပ်စုမှ ဖြစ်သည်။

အမှောင်ခေတ်တွင် အလုပ်တစ်ဖက် ကျောင်းကို ပေး၍ တက်သော မယ်မွေးမှာ ကျောင်းသက် အတော်ရှည်ခဲ့၏။ ငယ်စဉ်က ကျောင်းမကြာခဏ ပိတ်သဖြင့် ပညာကောင်းကောင်း မသင်ရသောကြောင့် နောင်တွင် စကောလား ရှစ် အလကားရတိုင်း အတိုးချသင်လေရာ ထိုင်းနိုင်ငံ ချူလာလောင်ကွန်း တက္ကသိုလ်မှ ဖွံ့ဖြိုးရေးမဟာဝိဇ္ဇာတစ်ဘွဲ့နှင့် ဥရောပမှာ ယဉ်ကျေးမှုနှင့် မီဒီယာ မဟာဝိဇ္ဇာနောက်တစ်ဘွဲ့ကို ရပါသည်။ မဟာဝိဇ္ဇာ နှစ်ထပ်ကွမ်းသော်လည်း ရန်ကုန်တွင် လမ်းမကျွမ်းသေးသည်နှင့် နောက်တစ်ဘွဲ့ကို ထပ်တက်ခဲ့ရာ ၂၀၁၉ ခုနှစ်တွင် လူ့အခွင့်အရေးနှင့် ငြိမ်းချမ်းရေး ဘာသာရပ်ဖြင့် ပါရဂူဘွဲ့ရခဲ့ပါသည်။ သို့ရာတွင် ဆေးကုသောဒေါက်တာ မဟုတ်ကြောင်း မိတ်ဆွေများ သိကြပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

စာသင်ကြားရေးတွင် ဝါသနာပါသောကြောင့် မြို့မှ ဟိုတယ်နှင့် ကျောင်းစာသင်ခန်းများတွင်သာမက တောက မွှာရုံတွင်လည်းကောင်း ကြုံလျှင် ကြုံသလို စာသင်ပါသည်။ ယခင်က နွဲ့ကေခိုင် ဟူသော အမည်ရင်းနှင့် တက်ခေတ်သမီး၊ ကေး အစရှိသော ကလောင်များဖြင့် ရေးခဲ့သော စာများတွင် အများဆုံး ပုံနှိပ်ခဲ့သည်များမှာ နိုင်ငံဖွံ့ဖြိုးရေး၊ ယဉ်ကျေးမှုတို့နှင့် ပတ်သက်ကြပြီး အသက်ခြောက်ဆယ်ကျော် အမျိုးသား သတင်းစာ စာဖတ်ပရိသတ်ကသာလျှင် သူ့ကလောင်ကို မှတ်မိတတ်ကြ၏။ လွန်ခဲ့သော နှစ်အနည်းငယ်တွင်မူ စိတ်ထဲတွင် ကလိတိတိဖြစ်လာသော အကြောင်းအရာများကို မယ်မွှေးဟူသော ကလောင်ဖြင့် စတင်တို့ထိခဲ့ရာ နှစ်အတန်ကြာသော် စာစုကလေး တစ်ခု ဖြစ်လာပါသည်။

မယ်မွှေးသည် ယခုအခါ ချူလာလောင်ကွန်း တက္ကသိုလ်နန်း၏ ပရိဝုဏ်တွင် အကယ်ဒမစ်ပေါက်စတစ်ဦးအဖြစ် အချိန်အားရတိုင်း လောကကို စပ်စုနေရာ စိတ်ကူးပေါက်လျှင် ပေါက်သလို ရေးချွတ်နေပါဦးမည်။

စကော်လာတို့၏ ဆင်စွယ်နန်းတော်ကို ဦးညွှတ်ရသော ဝေဖန်စာ၊ လေကန်စာထက် ရယ်စရာ ပြုံးစရာ သရော်စာကိုသာ ပိုရေးတတ်ချင်သူသာ ဖြစ်သည်။

ချစ်ခင်စွာ

ကေ

❖

mgyoe.com

mgyoe.com SAMPLE BOOK

# မယ်မွေးနှင့် နလုံးသားဓာတ်စာ အမှာ

"ဟော့... အသည်းရေ၊ ဒီနေ့ ဘာမှ မယူတော့ဘူးလား"

ထိုအသံသည် ဈေးသည်များ နှစ်ဖက်ခြံရံနေသော လမ်းမကြီးထဲသို့ ချိုးဝင်လိုက်သော ကျွန်မအရိပ်ကို မြင်သည်နှင့် အနည်းဆုံး ကိုက်နှစ်ဆယ်လောက် အကွာတွင် ရှိနေသော ဟင်းရွက်ဆိုင်တစ်ဆိုင်မှ ထွက်ပေါ်လာသော အော်သံ ဖြစ်သည်။ ရင်းနှီးလွန်းသော ဆိုင်ရှင်မှာ မည်သူနည်း။ အသားညိုညို၊ ဆံပင်အုံနက်နက်ကို ဘီးဆံပတ်ဖြင့် အပြောင်သိမ်းလျက် ပေါ်လွင်သော နှာတံနှင့် မျက်နှာသွယ်သွယ် နှင့် အသက်သုံးဆယ်ကျော် ခပ်ပျော်ပျော် ဈေးသည်တစ်ဦး။ သူနှင့် သူ့အပေါင်းအဖော်တို့ထံတွင် အညာလေ၏ အငွေ့အသက်ကို ရသည်။ သူ့ဆိုင်တွင် ကျွန်မ ဟင်းရွက်များ ဝယ်လေ့ရှိသည်။ ငရုတ်သီးစိမ်း၊ မုန်လာဥအနီ အဖြူ၊ သဘော်သီးနှင့် ဖီးကြမ်းငှက်ပျောသီးများ ကောင်းကောင်းရတတ်ပါသည်။ သူတို့နှင့် ဆက်ဆံလာသည်မှာ နှစ်နှစ်ကျော်၊ သုံးနှစ်ထဲသို့ ဝင်လာလေပြီ။ သို့ရာတွင် သူတို့နာမည်ကိုလည်း ကျွန်မ မသိ၊ ကျွန်မ ဘယ်သူ ဆိုတာကိုလည်း သူတို့ မသိ။ သူတို့နှင့် ကျွန်မ၏ သိကျွမ်းမှုမှာ ထိုမျှသာ။ သူတို့ဇာတိကို သူတို့ ဂုဏ်ယူကြောင်းကိုမူ သူတို့ရောင်းသော ဩဇာသီးကို အကြောင်းပြု၍ သိရသည်။ "ကျုပ်တို့မြို့က ဩဇာသီးကို ဘယ်ဩဇာသီးကမှ မမီပါဘူး၊ ကျုပ်တို့ ပုပ္ပားနယ်က ရေကြောင့်ပေါ့" ဟု ဂုဏ်ယူစွာ ရောင်း၏။

mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်မတို့ တိုက်တန်းဆီမှ ဈေးတန်းကလေးရှိရာ လမ်းထိပ်သို့ ထွက်လိုက်လျှင် လက်ယာဘက်ထိပ်တွင် ကွမ်းယာဆိုင်ရှိပြီး လက်ဝဲဘက်တွင်မူ လက်ဖက်ရည်ဆိုင် တစ်ဆိုင် ရှိသည်။ တစ်ဦး၏ ဆိုင်ကို တစ်ဦးက တည့်တည့်ပိတ်ရောင်းခြင်းမှာ ဈေးထဲတွင် အလွန် ကြီးလေးမည့် အပြစ်ဖြစ်ပြီး မဆုံးသော ရန်ပွဲများ ဖြစ်စေတတ်သည်။ သို့ရာတွင် ထိုကွမ်းယာဆိုင်ရှေ့တွင် တည့်တည့်ထိုင်ပြီး မနက်စောစောဈေးအမီ ဈေးခင်းကို တပြန့်တပြော ခင်းထားသော အဒေါ်ကြီးသည် ဆေးလိပ်ဖွာလျက် ဈေးကို အေးအေးရောင်းနိုင်မြဲ ဖြစ်သည်။ ရှေ့ဆိုင်နှင့် နောက်ဆိုင် သင့်မြတ်ကြသည်မှာ အဒေါ်ကြီး၏ ကိုယ်ရည်ကိုယ်သွေးကြောင့်ပင် ဖြစ်မည်ဟု ခန့်မှန်းမိသည်။ အသက် ၆၅ ပတ်လည် ထောင်ထောင်မောင်းမောင်း၊ သန်သန်စွမ်းစွမ်းရှိသေးသော ရှမ်းလွယ်အိတ်ကို စလွယ်သိုင်းလွယ်ထားသည့် ပိန်ပိန်ပါးပါးနှင့်ရိုးလှသော မြန်မာအင်္ကျီပွပွဖြင့် သနပ်ခါးပါးကွက်ကျား ထူထူဖြင့် ထိုအဒေါ်ကြီးမှာ သူ့ကိုယ်သူ အမေတို့ကဟု သုံးသဖြင့် ဈေးဝယ်သူကျွန်မကလည်း အမေဟုသာ ခေါ်ဖြစ်သည်။ သူ့တွင် ဟင်းသီးဟင်းရွက်များ အပုံလိုက် အောတိုက်ပါလေ့ရှိသော်လည်း အမျိုးအမည်အားဖြင့် လေးငါးမျိုးထက် မပိုပေ။ သူ့ဆိုင်တွင် တင်ထားသည်များကို ကြည့်ရသည်မှာ ဆိုင်ကြီးတစ်ခုခုက ပထမတန်းစား ဟင်းသီးဟင်းရွက်များကို ဖြန့်ချီပြီးနောက် ဈေးချရောင်းလိုက်သော ဒုတိယတန်းစားများဖြစ်ဟန်တူသည်။ သို့သော် သူ့ဟင်းရွက်ပုံမှာ ရွေးစရာများလှသောကြောင့် ဈေးအလွန့်အလွန် ချိုသော နှုန်းထားဖြင့် အလတ်ဆတ်ဆုံးများ ရနိုင်နေသေးသည်။ သူသည် အသံဝါဝါကြီးဖြင့် ဟန်ပါပါ သီချင်းဆိုတတ်ကြောင်းကို ဈေးအရောင်းပါးချိန်တစ်နေ့တွင် တွေ့ရှိခဲ့လေသည်။ ရွှေမန်းတင်မောင်က စလို့ တွံတေးသိန်းတန်နှင့် အေဝမ်းတင်တင်လှအထိ သူက သီဆိုတတ်သည်။ အမေကြီး သီချင်းမဆိုတော့ဘူးလား ဟုဆိုလျှင် သူ့ပါးစပ်ထဲ အဆင်သင့်ရှိနေတတ်သော သီချင်းတစ်ပုဒ်လောက်ကို အော်ဆိုပြတတ်သေးသည်။ သူ့ဆီမှာ ဈေးဝယ်ရတာ ပျော်စရာကောင်းလှသည်။ နောက် အမေကြီးတစ်ဦးမှာ ရှေ့လှမ်းလှမ်းတွင် ရှိသော လက်ဖက်ရည်ဆိုင်ရှေ့ခပ်စောင်းစောင်းကလေးတွင် ရှိသည်။ ထိုအမေကြီးမှာ ခုနက ဟင်းရွက်သည် အဒေါ်ကြီးထက် ပိုအသက်ကြီးပါသည်။ ၇၀ နှင့် ၈၀ ကြားတွင် ရှိပေမည်။ ခပ်ညိုညို၊ ပိန်ပိန် မနက်ခင်း နေရောင်ဖျော့ဖျော့အောက်တွင် ဖလန်နယ် အနွေးထည်ပါးဖြင့် ထိုင်နေလျှင် ဒူးကလေးနှစ်ချောင်းထောင်လျက် ကျုံ့ကျုံ့ကလေး

mgyoe.com

mgyoe.com SAMPLE BOOK

ဖြစ်သည်။ သူ့ရှေ့တွင် မန်ကျည်းသီး၊ ဂရုတ်၊ ကြက်သွန် ဇန်းသေးသေးလေးတွေသာ ခင်းထားသည်။ သူ့ဆိုင်တွင် အဝယ်မှာ ကျဲပါးလှသောကြောင့် ကျွန်မ များစွာ ကရုဏာသက်ခဲ့မိပါသည်။ မိုးသည်းလွန်းသော နေ့များတွင် သူ ဆိုင်မထွက်နိုင်လျှင် ပြေလည်ပါ့မလားဟု စဉ်းစားမိသော် စိတ်ထဲ မကောင်းလှ။ နောင်သော် ထင်သလောက် မဆိုးကြောင်း သူ့အကြောင်းကို ပိုသိလာခဲ့သည်။ သူနှင့် မျက်နှာချင်းဆိုင် လမ်းတစ်ဖက်တွင် ကြက်သွန်အနီ၊ အဖြူ၊ အာလူး၊ မန်ကျည်းသီးနှင့် ပဲနီကလေး၊ ပဲခြမ်း အစရှိသည်ဖြင့် ရောင်းချသော ညိုညို၊ ပိန်ပိန်ပါးပါး ကျောက်ပန်းတောင်းသူ အစ်မလေးမှာ သူ့သမီး ဖြစ်သည်။ အမေကြီးက သားသမီးများကို ဈေးရောင်းရှာကျွေးလာခဲ့ပြီး ယခုအခါအိုမင်းလာသော်လည်း အလုပ်လုပ်ချင်နေသေးသဖြင့် အမေကြီး စိတ်ကျေနပ်အောင် ဆိုင်ကလေး ခင်းထားပေးခြင်း ဖြစ်သည်။ အမေကြီး စိတ်ပြေရုံ တည်ထားသော ဈေးဆိုင်၏ အဝင်အထွက် ဈေးရောင်း ဈေးဝယ်အခြေအနေကို သမီးဖြစ်သူက မလှမ်းမကမ်းမှ စောင့်ကြည့်ပေးနေသည်။ အမေကြီး အကြွေလိုသော် ပြေးလဲပေး၏။ လက်ဖက်ရည် ပြေးဝယ်ပေး၏။ သူတို့သားအမိ၏ တစ်ယောက်ကို တစ်ယောက် ထောက်ထားပုံမှာ ချစ်စရာ။ ဘယ်လောက် အတုယူစရာကောင်းသော စိတ်ကူးကလေး ဖြစ်ပါသနည်း။ အိုမင်းမစွမ်းဖြစ်လာသော အမေ၏ အငြိမ်းစား မနေလိုသော၊ လောကအတွင်း ကျင်လည် ရှင်သန်နေချင်သေးသော အားမာန်ကို သမီးက ဂုဏ်ပြုပေးရန် ဆန္ဒကို ဖြည့်ဆည်းပေးရန် ကြံဖန်ထားခြင်းဖြစ်သည်။ သူ့ကိုယ်ပိုင် အာလူး၊ ကြက်သွန်ဆိုင်သည် တကယ်တော့ ဈေးရောင်းကောင်းသော ဆိုင်ဖြစ်ပြီး အမေကြီး ထိုင်သော ဆိုင်ခွဲမှာ ဘာမှ မရောင်းရလည်း ကိစ္စမရှိချေ။ သူသည် လက်ဘက်ရည်ဆိုင်ရှေ့ ပိတောက်ပင်က မနက်ခင်းတွင် ဖြာကျလာသော အရိပ်အောက်တွင် အမေကြီးကို ထားကာ သူကိုယ်တိုင်ကမူ နေနှင့် မျက်နှာချင်းဆိုင်သော လမ်းတစ်ဖက်တွင် ထိုင်၏။

သူတို့ထံမှ လမ်းမအတိုင်း ဆက်သွားပြီး စာတိုက်အရှေ့ကို ကျော်ကာ ခင်းသော ဈေးတန်းသို့ ရောက်လျှင်မူ ကျွန်မ တစ်ခါ နှစ်ခါဝယ်ပြီး နောင် ဘယ်တော့မှ ပြန်မဝင်တော့သော ငါးဆိုင်တစ်ဆိုင်လည်း ရှိပါသည်။ အသက် ၅၀ ပတ်လည်အရွယ် မိန်းမဝဝတစ်ဦး၏ ဆိုင်ဖြစ်ပြီး သူ့ဆိုင်တွင် ဘယ်တော့မှ လူများများ မရှိပေ။ သူ့ထံ ဝယ်သူများကိုလည်း မတရားပြုမူရန် သူ့မျက်လုံးများ

mgyoe.com

mgyoe.com SAMPLE BOOK

က အလွန်ထက်သန်လှသလို နှုတ်ထွက်စကားအားဖြင့် လိမ်တတ်၊ ကြမ်းကြမ်းတမ်းတမ်း ပြောတတ်သေးသည်။ ထို့ကြောင့် စိတ်အနှောင့်အယှက် ဖြစ်ခြင်းကို ရှောင်သောအားဖြင့် သူ့ထံတွင် ဝယ်လေ့မရှိပေ။ အစောပိုင်း သည်နေရာသို့ ပြောင်းလာခါစတွင် သူ့ထံ တစ်ခါ နှစ်ခါ ဝယ်ဖူး၏။ နောက်ဆုံးအကြိမ်တွင် ဈေးဝယ်နေစဉ်သူ့ထံမှ ငါးပုဏ္ဏားကလေးနှစ်ဆယ်သားမျှဝယ်သောအဘွားအိုတစ်ဦးကို သူက ငွေငါးရာပြန်ပေးရန် အကြွေမရှိသဖြင့် အမယ်ကြီးမှာ တိုးလိုးတန်းလန်း မပြန်နိုင်ဘဲ စောင့်နေရသဖြင့် ကြားက ဝင်စိုက်ထားပေးဖူးသည်။ နောက်နေ့များတွင် ထိုစိုက်ထားပေးသော ပိုက်ဆံကို ပြန်ပေးရန် သူ့မျက်လုံးများက မှတ်မိဟန်ပြပြီး လက်က ပြန်မပေးသောကြောင့် တမင်ဝင်ပြီးလည်း ပြန်မတောင်းတော့ချေ။ ငွေငါးရာနှင့် သူ့ဆိုင်ကိုလည်း သည်းခံပြီး ပြန်မဝင်လို။ ဒီဈေးတန်းကလေးထဲတွင် အရောင်းအထိုင်းဆုံးဆိုင်မှာ သူ့ဆိုင်ဖြစ်နေသည်ကလည်း မဆန်းဟု မှတ်ယူရင်း ကံ ကံ၏ အကျိုးဆိုတာ တယ်မှန်သကိုး ဟုသာ တွေးမိ၏။

ဤသို့ဖြင့် အိမ်ရှင်မ တစ်ဖြစ်လဲ ဝန်ထမ်းဘဝ၊ ကျောင်းသူဘဝတွင် လမ်းပေါ်မှ အတွေ့အကြုံများမှ ကြုံတွေ့ရသူ အဖုံဖုံတို့၏ တုံ့ပြန်ပုံ လှုပ်ရှားပုံများကို အကြောင်းပြုကာ သူတို့၏ စိတ်နေစိတ်ထားများကို ကျက်မိလာသည်။ သူတို့တစ်ဦးချင်း၏ ချစ်စရာကောင်းပုံများကို မှတ်မှတ်သားသား ရှိလာသည်။ တစ်ခါတစ်ရံ သူတို့ဘဝ ဟာသများထဲမှ ပြုံးမိသမျှကို မိတ်ဆွေများအား ဝေမျှချင်သည်။ လူ့သဘာဝ အသွင်အပြင်ကိုလည်း အရင်းအတိုင်း ဖောက်သည်ချလိုသည်။ မယ်မွေး၏ ကျောင်းနှင့် အလုပ်ပတ်ဝန်းကျင်တွင်ကား ထိုလမ်းပေါ်မှ ကြုံတွေ့ရသမျှ ဘဝအထွေထွေကို စကားပြောသလို၊ စကားပြေလို ပေါ့ပေါ့ပါးပါး ရေးသားရန် အံဝင်ခွင်ကျ အခြေအနေ မပေးလှပေ။ သို့နှင့် ထိုသူတို့နှင့် ကြုံကြိုက်ရသော အကြောင်းများမှာ မယ်မွေး ဆိုသော ကလောင်ဖြင့် ရေးသည့် စာတိုစာစများတွင် ခပ်ရိုးရိုးပင် အသက်ဝင်လာခဲ့ကြပါသည်။

မယ်မွေးသည် အမည်ရင်း နွဲ့ကေခိုင်နှင့် အခြားကလောင်ခွဲများဖြင့် ၂၀၀၅ ခုနှစ်ကပင် သတင်းစာ၊ ဂျာနယ်နှင့် မဂ္ဂဇင်းများတွင် ဆောင်းပါးများ၊ အက်ဆေးများ စတင်ရေးသားခဲ့ပါသည်။ ၂၀၁၂ နောက်ပိုင်း ပညာသင်ဆဲကာလများတွင်မူ ဘာသာရပ်ဆိုင်ရာ အကယ်ဒမစ်လောကတွင် ပိုမိုကျင်လည်ခဲ့ရပြီး မူလစာနယ်ဇင်းအသိုင်းအဝိုင်းတွင် ဧည့်သွားဧည့်လာ ကူးချည်သန်းချည်သာ

mgyoe.com

mgyoe.com SAMPLE BOOK

ရေးသားနိုင်ခဲ့ပါသည်။ သို့သော် အချိန်ကြာလာသည်နှင့်အမျှ ခြောက်ကပ်လှသော ဘာသာရပ်ဆိုင်ရာ စာအုပ်များထဲမှ ယာယီထွက်ပေါက်ရလိုသော အခိုက်အတန့် များ ကြုံလာသည်။ စာသံပေသံ၊ ပုရောဟိတ်သံများနှင့် ကင်းလွတ်ရာ ကမ္ဘာကို များစွာ တောင့်တသည်။ ပညာရပ်ဘောင်အတွင်းမှ ဆင်ခြေဆင်လက်များ မပါဘဲ ခပ်ရိုးရိုး ရေးချရခြင်းတွင် အရသာတွေ့ခြင်းက မယ်မွေးကို အဆက်မပြတ် ဖန်တီးဖြစ်ခြင်း၏ အကြောင်းတစ်ခု ဖြစ်ပါသည်။ ရပ်ကွက်ထဲမှ ကိစ္စများ၊ ဈေး သည်၊ ဈေးဝယ်တို့၏ အကြောင်းများ၊ ငှက်ကလေးတို့၏ အော်မြည်သံများသည် မယ်မွေး၏ စာထဲတွင် အသက်ဝင်လာကြသည်။ တစ်ခါတစ်ရံတွင် ချော်တော ငေါ့နေသော လောကကို အတည့်အတိုင်း မြင်မိသဖြင့် ပြုံးရသည့် အခြေအနေ များကိုလည်း ပုံဖော်ရေးသားဖြစ်သည်။ မယ်မွေးအား ချစ်သူ ခင်သူအချို့က လည်း စောင့်ဖတ်နေကြပါသည်ဟု အားပေးကြ၏။

သို့ရာတွင် မယ်မွေးသည်လည်း ရှုပ်ထွေးပွေလီလှသော မြန်မာပြည် ဝယ် နေထိုင်သည့် မြန်မာပြည်သူတစ်ဦး၏ ဒုက္ခနှင့်မကင်းသူ ဖြစ်ရကား နိုင်ငံ ရေး၊ စီးပွားရေး၊ စစ်မက်ရေးရာ မြူခိုးမှိုင်းများ ဝေဆိုင်းနေသော အချိန်များတွင် အသက်ရှုကျပ်ကာ ရွှင်ပျသည့် စိတ်ကို မဖမ်းဆုပ်နိုင်သည့် ကာလများလည်း ရှိပါသည်။ ထိုအချိန်မျိုးတွင် အကြည်ဓာတ်၏ လှုံ့ဆော်မှုရှိသော နှလုံးသား အာဟာရဖြစ်စေသော စာများအစား ဦးနှောက်၏ ဆဲလ်များထဲတွင် သိုမှိုးထား သော ဆင်ခြင်ခြင်းများသာ မနေနိုင်မထိုင်နိုင် စာမျက်နှာပေါ်သို့ ခုန်ဆင်း ဝင်ရောက်လာကြသည်။ ထိုအခါမျိုးတွင် အရွှင်အသော၊ အကြည်အမောကိုသာ ရှုလိုသူ မိတ်ဆွေများအဖို့ မယ်မွေး ဦးနှောက်၏ စွက်ဖက်မှုကြောင့် ပါလာသော ဆင်ခြင်ခြင်း ဓာတ်စာများ အတောင့်လိုက် ဝင်ရောက်လာခြင်းကို မနှစ်သက်ကြ ပါ။ သို့ရာတွင် အများစုမှာ စိတ်ရှည်သည်းခံပြီး ဖတ်ခဲ့ကြပါသည်။

ယခု ထုတ်ဝေလိုက်သော မယ်မွေး၏ စာစုများကို တစုတစည်းတည်း ပြန်ကြည့်လျှင် ဟိုဟိုသည်သည် နေရာပေါင်းစုံတွင် ရိုက်ထားခဲ့ဖူးသော ဓာတ်ပုံ များကို အယ်လ်ဘမ်တစ်ခုတည်းတွင် စုပြီး ကြည့်ရသကဲ့သို့ မြင်ကြရလိမ့်မည် ထင်ပါသည်။ စာတစ်ပုဒ်စီသည် ဒစ်ဂျစ်တယ်ခေတ်သို့ မရောက်မီက သုံးခဲ့သော ကင်မရာဖြင့် ရိုက်ထားသည့် ဓာတ်ပုံများကဲ့သို့ မယ်မွေးမြင်သော လောကကို စိတ်ကူးဖလင်ဖြင့် တစ်ချပ်ချင်း ရိုက်ကူးထားသည့်နှယ် ဖြစ်ပါလိမ့်မည်။

mgyoe.com

mgyoe.com SAMPLE BOOK

စီကာစဉ်ကာ မဟုတ်ဘဲ ရောက်သည့် နေရာတွင် လျှပ်တစ်ပြက် ရိုက်ကူးခဲ့သည့် လမ်းမြင်ကွင်းဓာတ်ပုံ Street Photo သဘောနှင့် တူပါသည်။ ခမ်းနားသော အယ်လ်ဘမ် ဖြစ်ပါသည်ဟု အာမမခံနိုင်သည့်တိုင်အောင် စိတ်ဝင်စားစရာ ကောင်းသော ရုပ်ပုံလွှာများ ပါဝင်လိမ့်မည်ဟု မျှော်လင့်မိပါသည်။

❖

၁၈–၁၂–၂၀၁၉

mgyoe.com

mgyoe.com SAMPLE BOOK

# မယ်မွေးနှင့် မဟာသင်္ကြန်စာ

မယ်မွေး၏ မြန်ပြည်ကြီးသည် အဝေးကြည့်ကြည့်၊ အနီးကြည့်ကြည့် ချစ်စရာကို ကောင်း၏။ ရွှေပြည်ကြီးသို့ ပြန်ရောက်သောအခါ ပုံမှန်ဘတ်စ်ကားလိုင်းတို့ နာမည်ပြောင်းကာ ရုပ်ဖျက်နေကြသဖြင့် ကားမစီးတတ်သောကြောင့် တက္ကစီခ ကို ဟောခနဲ ပေးရ၏။ မယ်မွေးကား မဖြူလှ၊ မြန်မာပြည်ကား မျှော်လင့်ချက်ရှိရာ တိုင်းပြည် ဖြစ်သည်။ မည်သည့် အခက်အခဲကမျှ မယ်မွေးကို စိတ်မပျက်စေပါ။

ပလက်ဖောင်းပေါ် လမ်းလျှောက်လို့ မရသောအခါ မယ်မွေးကား အို... ဒါမြို့ပြ စည်ကားလာတဲ့ သဘောပဲဟာ သဘောပိုက်ကာ ဆန်ဖရန်စစ္စကို တံငါသည်ဆိပ်က ကမ်းနားလမ်းကို လျှောက်သလို စိတ်ကူးယဉ်နေလိုက်၏။ နေအပူရှိန်ကား ပြင်းလွန်းသဖြင့် သင်္ကြန်မတိုင်မီရက်များကပင် အပူလျှပ်မလိုလို ဖြစ်လိုက်သေးသည်။ မယ်မွေးကား မမှု၊ ဆောင်းတွင်း အခြားနိုင်ငံမှာ သုညအောက် ဒီဂရီတောင် မညည်းဘဲ နေလာမင့်ဟာ... မတွန့်မဆုတ် အပြင်ထွက်သာ ထွက်ဟု ကိုယ့်ကိုယ်ကိုယ် မြှောက်ပေး၏။ သည်သင်္ကြန်တွင်းမှာ မယ်မွေးကား မဟာရန်ကုန်တွင် ကိုးရက်တာ မီးပျက်မည် ဟူသော ကောလာဟလကြောင့် ကြောက်ကြောက်လန့်လန့်ဖြင့် မွေးရပ်ဌာနေသို့ ပြန်ပြေးလေရကား ကားဂိတ်တွင် လက်မှတ်

mgyoe.com

mgyoe.com SAMPLE BOOK

ကို နှစ်ဆပေးကာ ဝယ်ခဲ့ရ၏။ ထိုနှစ်ဆပေးရသော လက်မှတ်အကြောင်းကို မယ်မွေးကား ယောင်လို့မှ ပြောမည် မဟုတ်ပေ။

မယ်မွေးသည် ကျေနပ်နှစ်သိမ့်စရာ အကြောင်းများစွာကို ယခုနှစ်တွင် ရှာဖွေတွေ့ရှိခဲ့လေသည်။ အနာဂတ်သည် လှပလာတော့မည်။ ချစ်သူ့နယ်မြေသည်သာ ငြိမ်းချမ်းနယ်မြေ ဆိုတာ သီချင်းထဲမှာမှ မဟုတ်။ ချစ်သူတိုင်း ငြိမ်းချမ်းကြပေတော့မည်။ အမုန်းတရားတို့ မရှိ၊ နဂါးနီတန်ခိုးနဲ့ အမျိုးဂုဏ်တက်မယ့် ကိန်းမှာ မကြာမတင် ဖြစ်တော့မည်။ မယ်မွေးတွင် မျှော်လင့်ချက်တို့တစ်ပွေ့တစ်ပိုက်ရှိလေသည်။ မယ်မွေးကဲ့သို့ ရှင်လန်းတက်ကြွကာ အကောင်းမြင်စိတ် ရှိလိုပါမူ စာဖတ်သူမိတ်ဆွေတို့သည် သင်္ကြန်စာတစ်စောင်ကို အမြန်ပြေးဝယ်ကြရလိမ့်မည်။ သင်္ကြန်စာတို့မှာ သင်္ကြန်မဏ္ဍပ်များကဲ့သို့ပင် တံဆိပ်အဖုံဖုံရှိရာ ရှင်လန်းစေသော သင်္ကြန်စာ၏ အမည်ကိုလည်း မှတ်သားလိုကြမည် ထင်ပါသည်။ မြန်မာနိုင်ငံသားတို့ကို ၂၀၁၇-၂၀၁၈ ကာလအတွက် ဒိဋ္ဌ ရှင်လန်းစေမည့် သင်္ကြန်စာ၏ အမည်ကား သူရိယသိဒ္ဓန္တ မန္တလေး မဟာသင်္ကြန်စာဟု တွင်၏။ နှစ်တစ်နှစ်တာ၏ နိုင်ငံအရေးကို ဟောသော အနှိသင်္ကြန်စာကို ပြုစုသူကိုကား အောက်ပါအတိုင်း ဖော်ပြထား၏။

"ရှေးမြန်မာဧကရာဇ် ဘုရင်များလက်ထက်က (မည်သည့်မင်းဟု မဆိုထား) ဘိသိက်တော် ဆယ့်ရှစ်ပါး ရိုးရာ ဓမ္မရာဇာဓိ ရာဇာဂုရု ဘွဲ့အမည်များကို ရရှိသော ပုဏ္ဏားဝန်ပညာရှိ ကစ္စနာမေဟန၏ မြစ်၊ မြန်မာနိုင်ငံ ပြက္ခဒိန်အကြံပေးအဖွဲ့ဝင် နက္ခတ်ဗေဒင်ပညာရှိ (ဗေဒစိန္တာဗလ) ဆရာကြီး ဦးဗိုလ်ထွေး၏သား (ဗေဒစိန္တာမယ) ဆရာကြီး ဦးလှကြိုင်၊ ဆရာ ဦးဘလှိုင်၊ မြေး ဆရာ ဦးမင်းသိန်း B.Sc ( Hons;) H.G.P တို့က တွက်ချက်စီမံ ထုတ်ဝေသော မဟာသင်္ကြန်စာ ဖြစ်တော့သတည်း။" ဤသို့ကြော်ငြာပေးခြင်းအတွက် မယ်မွေး ကော်မရှင် မရပါ။ မဟာသင်္ကြန်စာ တစ်စောင်လုံးမှာ A3 နှစ်မျက်နှာ ဖောင်ပြည့်ဖြစ်သည့်အတွက် မယ်မွေးမှာ စုံတကာစေ့အောင် မရေးပြနိုင်သည်ကို ခွင့်လွှတ်စေလိုပါသည်။ မယ်မွေး၏ အနီးတွင် အမိမြန်မာပြည်၏ နိုင်ငံရေးအခြေအနေကို အားမရကြသောမိတ်ဆွေများ၊စီးပွားရေးကိုတွေးဆကာ ရင်မအေးကြသူမိတ်ဆွေများသည် လည်းကောင်း၊ ငြိမ်းချမ်းရေးအတွက် ရတက်မအေး ပူပင်ကြရသော မိတ်ဆွေများအားလည်းကောင်း သောကကို ပိန်းကြာဖက်တွင် ရေမတင်သကဲ့သို့ အညစ်

mgyoe.com

mgyoe.com SAMPLE BOOK

အကြေးကို အတာရေဖြင့်ဆေးသလို ဆေးပေးသကဲ့သို့ ကြည်လင်စရာ စကားများကို ဖတ်မပြလျှင် မယ်မွေးသည် ဟင်းကောင်း ကျွေးကောင်း စားရသောအခါ မိတ်ဆွေများအား မေ့လျော့တတ်သူနှင့်သာ တူမည်။ မိတ်ဆွေတို့၏ ကျေးဇူးကို မအောက်မေ့ မဆင်ခြင်တတ်သူတစ်ဦးသာ ဖြစ်မည်။ မယ်မွေးနှင့်အတူ သင်္ကြန်စာကိုသာ ရှုကြပါကုန်စို့။ နှလုံးရောဂါ ဖြစ်လုဖြစ်ဆဲ နိုင်ငံ့အရေး ပူပန်သူတို့အနေဖြင့် သက်သာရာ ရကြလတ္တံ့။ မယ်မွေးကား အဘယ်ကြောင့် အာမခံရဲလှသည်ကို အောက်ပါစာပိုဒ်များတွင် တွေ့ကြတော့အံ့။ သိကြားမင်းအား တိုင်တည်ကာ မယ်မွေးသည် ရင်အေးစေမည့် သွေးဆေးတစ်ခွက်ကို ပေပေါ်တွင် တင်တော့အံ့။ တနင်္ဂနွေမှ စကာ စနေအထိ ကမ္ဘာသူ ကမ္ဘာသား ခုနစ်ဘီလီယံနီးပါးကို ခုနစ်ပုံပုံကာ ဟောသော ဗေဒင်ကို စုံစေအောင် ဖတ်လိုလျှင်ကား မူရင်းသာ ဝယ်ကြပါကုန်။ ယခုကား အမြည်းဖတ်ပြပါအံ့။

" ဤနှစ် မြန်မာသက္ကရာဇ် ၁၃၇၉ ခုနှစ်ကို စိုးမိုးသော ဂြိုဟ်ကက်ဘိနက် (တယ်ဘိုဆန်သကိုး၊ ဂြိုဟ်တွေတောင် ကက်ဘိနက်နဲ့တော့) အဖွဲ့အစည်းတွင် နှစ်၏အရှင် မင်းသမတ္တဂြိုဟ်မှာ အင်္ဂါဂြိုဟ်၊ နှစ်၏အရှင် သေနာပတိ ကာကွယ်ရေးဂြိုဟ်မှာ သောကြာဂြိုဟ်၊ နှစ်၏အရှင် သဿဝတီ လယ်ယာစိုက်ပျိုးရေး ဂြိုဟ်မှာ တနင်္လာဂြိုဟ်၊ နှစ်၏အရှင် ရသပတိ ကုန်သွယ်ရေးဂြိုဟ်မှာ ဗုဒ္ဓဟူးဂြိုဟ်၊ နှစ်၏အရှင် နီရဿပတိ ဓာတ်သတ္တုဂြိုဟ်မှာ တနင်္ဂနွေဂြိုဟ် ဖြစ်သည်။ မိုးရွာသွန်းမှု များအံ့၊ အချို့နေရာများတွင် မိုးသီးများ ရွာအံ့။ ငလျင်ကိန်း ရှိအံ့။ မူးယစ်ဆေးဝါးများ၊ ဒုစရိုက်မှုများ၊ ရာဇဝတ်မှုများ၊ လူကုန်ကူးမှုများ၊ ဆူပူလှုပ်ရှားမှုများကို ထိရောက်စွာ ဖော်ထုတ်အရေးယူနိုင်ပြီး အသိပညာပေးမှုတို့ကြောင့် လျော့နည်းလာအံ့။ ရဟန်းသူတော်စင်မြတ်တို့သည် တရားတော်မြတ်များကို ပြည်တွင်းသာမက ပြည်ပသို့တိုင်အောင် ကျယ်ပြန့်စွာ သာသနာပြုကြအံ့။ ဤနှစ်တွင် ဆန်စပါး၊ နို့ထွက်ပစ္စည်းများ၊ ကြေးနီ၊ နံ့သာနီ၊ ကျောက်မျက်ရတနာ၊ ပုလဲ ထွက်ရှိမှု ကောင်းအံ့။ (တွင်တွင် သယံဇာတ ထုတ်နေသော မြေပေါ်တွင် တွင်းထွက်တွေက ဘယ်ကရမလဲ မသိပါဘူးလေဟု တွေးမိ၏)။ ကြံ၊ ကြံသကာ၊ သကြား၊ ဆီ၊နှမ်း၊ အဝတ်အထည်၊ သစ်၊ ဝါး၊ ကြိမ်၊ နွယ် ဈေးကောင်းအံ့။ (ဤတွင် မယ်မွေးမှာ "အေးလေ... တောက ပြုန်းနေမင့်ဟာပဲ၊ သစ်ဝါးဈေးတက်မှာ ဒုတ်ဒုတ်ထိကို မှန်လိုက်တဲ့ သင်္ကြန်စာဟု တွေးမိ၏။ ဆက်၍

mgyoe.com

mgyoe.com SAMPLE BOOK

ဖတ်သောအခါ ...)

"ဤနှစ်တွင် ဗဟိုချုပ်ကိုင်မှု ဖြေလျော့လာသည်နှင့်အမျှ အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေး၊ သတင်း၊ စာနယ်ဇင်း၊ မီဒီယာ စသည့် မဏ္ဍိုင်ကြီး လေးခုတို့သည် တာဝန်သိ၊ တာဝန်ယူပြီး ဟန်ချက်ညီညီ၊ အခြေခိုင်ခိုင်၊ မှန်ကန် ရင့်ကျက်စွာ လက်ခံကျင့်သုံးရင်း၊ အပြန်အလှန် ထိန်းကျောင်းမှုကို အခြေခံသော ဒီမိုကရေစီ ယဉ်ကျေးမှုအသွင်သစ်သို့ အခက်အခဲများ ကျော်လွှားနိုင်ပြီး ပြောင်းလဲ နိုင်အံ့ (အောင်မယ်... ဒီနေရာမှာ မြန်မာပြည်ကို အမေရိကန်တွေကတောင် လာပြီး အတုလာယူကြရမယ်ဟု ဘဝင်ပင် မြင့်မိပါ၏။) နိုင်ငံတော်သည် ဒီမိုကရေစီ ယဉ်ကျေးမှုကို ပြည်သူလူထုတွင်း စိမ့်ဝင်အောင် လုပ်ဆောင်ရင်း စစ်မှန်သည့် ဒီမိုကရေစီအသွင် ဆောင်သော တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို စိန်ခေါ်မှု များ၊ အကျပ်အတည်းများမှ ကျော်လွှားနိုင်ကာ လက်တွေ့ကျကျ အကောင်အထည် ဖော်ဆောင်နိုင်သည့် နိုင်ငံရေးအခင်းအကျင်းသစ်ကို ဖော်ဆောင်နိုင်အံ့။

(ဤနေရာတွင် မဟာသကြံန်စာ ပြုစုသူမှာ နိုင်ငံတော်အကြီးအကဲ များ၏ မိန့်ခွန်းရေးသူများလားဟု မယ်မွေး သံသယဝင်စ ပြုပြီ)။

"အမျိုးသားရင်ကြားစေ့ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ ဒီမိုကရေစီ ဖက်ဒရယ် ပြည်ထောင်စုစနစ် ပေါ်ထွန်းရေးတို့ကို ဒီမိုကရေစီစနစ် ရှင်သန်ပြီး အမြစ်တွယ် အောင် လုပ်ဆောင်နိုင်ခြင်း၊ အင်အားစုအသီးသီးတို့၏ ဘုံရည်မှန်းချက် သဘော တူညီမှုများကို ရယူနိုင်ခြင်းအားဖြင့် အားရကျေနပ်ဖွယ် အကျိုးရလဒ်ကောင်းများ ရလာအံ့။" (မယ်မွေး၏ နားတွင် ရွှေမန်းတင်မောင် ဆိုသော အောင်ပါစေ၊ သပြေ နခက်ဝေ... ဟူသော သီချင်းသံကိုပင် ကြားယောင်လာမိသည်။ ဤတွင်... စာဖတ် သူများ ဆက်ဆိုစေ)။

"ဤနှစ်တွင် တိုင်းပြည်သည် ပိုမိုပွင့်လင်း၊ ထင်သာမြင်သာ ရှိလာသည် နှင့်အမျှ အခွင့်ထူးခံတို့အတွက် တံတိုင်းခတ်ထားပေးသည့် စီးပွားရေးအခွင့် အလမ်းကောင်းများကို အခြေခံ သာမန်လူထုက ရွေးချယ်နိုင်ခွင့်၊ သိမြင်ခံစားနိုင် ခွင့် ရရှိလာပြီး ဆင်းရဲ ချမ်းသာ၊ ကွာဟမှုအက်ကြောင်းသည် တဖြည်းဖြည်း ကျဉ်းမြောင်းလာကာ ကျယ်ပြန့်သည့် နိုင်ငံသားလူထုအခြေပြု အဖွဲ့အစည်းများ တည်ဆောက်နိုင်ပြီး လွတ်လပ်သောဈေးကွက် ဖြစ်ပေါ်လာအံ့။ ပြည်သူ့ဗဟိုပြု နိုင်ငံခြားရေးမူဝါဒနှင့်အညီ မိမိနိုင်ငံ၏ တည်ရှိနေသည့် ပကတိအခြေအနေနှင့်

mgyoe.com

mgyoe.com SAMPLE BOOK

ပြည်သူလူထု၏ လိုလားချက်များ ပေါင်းစပ်ပြီး နိုင်ငံတကာဆက်ဆံရေး၊ ကုန်စည်ကူးသန်းရောင်းဝယ်ရေးနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတို့ကို အရှိန်အဟုန်မြှင့်ပြီး လုပ်ဆောင်နိုင်အံ့။ နိုင်ငံတကာရေးရာကိစ္စ နည်းပရိယာယ်ကြွယ်ဝမှန်ကန်စွာဖြင့် အခက်အခဲများကို ပြေလည်အောင် ဖြေရှင်းနိုင်အံ့။ သယ်ယူပို့ဆောင်ရေးတွင် ယာဉ်မတော်တဆမှုများကြောင့် ဆုံးရှုံးမှုများ နည်းစေရန် လုပ်ဆောင်ရအံ့။ ပုဂ္ဂလိကမီဒီယာသည် ကြုံတွေ့နေရသည့် စိန်ခေါ်မှုများ၊ အခက်အခဲများသည် မူနှင့် စည်းမျဉ်း ပြောင်းလဲလာသည်နှင့်အမျှ ဖွံ့ဖြိုးလာအံ့။

ဤနှစ်တွင် မမှန်မကန် အခွန်ရှောင်နေသူများကို ဖော်ထုတ်ပြီး ထိရောက်သည့် အခွန်စည်းကြပ်မှု ပြုလုပ်ခြင်း၊ ကုန်သွယ်ရေးလိုငွေများ လျော့နည်းစေရန် ကုန်ထုတ်စွမ်းအား တိုးမြှင့်ထုတ်လုပ်နိုင်ခြင်း၊ ပို့ကုန်များကို ပြည်တွင်း ပြည်ပသို့ ပိုမိုတိုးမြှင့် ပို့ဆောင်နိုင်ခြင်း၊ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ပြည်သူဗဟိုပြု လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ရင်း အခက်အခဲကြားမှ ယခင်က လက်ဝါးကြီးအုပ် စီးပွားရေးမူဝါဒမျိုး မဟုတ်တော့ဘဲ အားလုံးပါဝင်နိုင်သည့် အခြေအနေမျိုး ပေါ်ပေါက်စေခြင်းအားဖြင့် တိုင်းပြည်၏ စီးပွားရေး ဦးမော့လာအောင် လုပ်ဆောင်နိုင်အံ့။ စတော့နှင့် ရှယ်ယာဈေးကွက်သည် ပိုမိုကျယ်ပြန့်လာပြီး ဖွံ့ဖြိုးလာအံ့။ အတက်အကျမြန်အံ့။ နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ လူမှုကာကွယ်စောင့်ရှောက်ရေး ကဏ္ဍများတွင် တိုးမြှင့်လုပ်ဆောင်သွားအံ့။ ကျေးလက်ဒေသ ဖွံ့ဖြိုးရေး၊ လျှပ်စစ်မီးရရှိရေး၊ ဆင်းရဲနွမ်းပါးမှုလျော့ချရေး၊ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒများ ချမှတ်ပြီး အခက်အခဲကြားမှ အရှိန်အဟုန်မြှင့်ပြီး လုပ်ဆောင်နိုင်အံ့။

လူမှုကူညီစောင့်ရှောက်ရေး၊ ပရဟိတအသင်းအဖွဲ့များ၊ သဘာဝဘေးဒုက္ခ ကူညီကယ်ဆယ်ရေး NGO အဖွဲ့များ တိုင်းပြည်၏ နေရာအနှံ့တွင် ပေါ်ပေါက်လာအံ့။ ပြည်သူလူထုအတွင်း ကျယ်ပြန့်သော စာရိတ္တမဏ္ဍိုင် ဖွံ့ဖြိုးလာစေရန် နည်းလမ်းပေါင်းစုံဖြင့် လုပ်ဆောင်ကြအံ့။ နိုင်ငံတကာ မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းတို့ကို နိုင်ငံတကာမှ အကူအညီများစွာ ရရှိအံ့။ တိုင်းပြည်တွင် မွေးမြူဖန်တီးထားသော လူမျိုးရေးနှင့် ဘာသာရေးပဋိပက္ခအသွင် လုပ်ဆောင်ချက်များ အားနည်းလာသည်နှင့်အမျှ လူမျိုးရေးကိစ္စများအပေါ် ပြည်တွင်း ပြည်ပမှ အမြင်ကြည်

mgyoe.com SAMPLE BOOK

လာအံ့။ အရေးကြီး ထင်ရှားသည့် ပုဂ္ဂိုလ်များ ဘေးရှိအံ့။ နိုင်ငံတကာအဆင့်မီ ပညာရေးစနစ်ကို အကောင်အထည် ဖော်ဆောင်ရင်း ခေတ်သစ် အစွမ်းထက် ပညာရပ်များ၊ သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးလာပြီး အသိဉာဏ်ဆိုင်ရာ ဉာဏ မူပိုင်ခွင့်ဥပဒေ ပြဋ္ဌာန်းနိုင်အံ့၊ ပြည်တွင်း ပြည်ပ အလုပ်သမားများအတွက် ကာကွယ် စောင့်ရှောက်မှုနှင့် လုံခြုံစိတ်ချမှု ဖြစ်စေရန်အတွက် နိုင်ငံတော်မှ ကူညီစောင့် ရှောက်အံ့။ ကမ္ဘာ၏ အနောက်တောင်အရပ်ဒေသတို့တွင် လူနေမှုဘဝ အဆင့် အတန်းမြင့်မားလာအံ့၊စည်ပင်တိုးတက်လာအံ့။ကမ္ဘာ၏အနောက်ဒေသတို့တွင် လူမှုဒုက္ခများ၊ သဘာဝဘေးအန္တရာယ်များ၊ အကြမ်းဖက်တိုက်ခိုက်မှုများ၊ မငြိမ် မသက်မှုများ ဖြစ်ပွားနိုင်အံ့။"

မဟာသင်္ကြန်စာ၏ အရေးကြီးသော အပိုင်းများကို တစ်ထိုင်တည်း ဖတ်လိုက်ပြီးသောအခါ မယ်မွှေးကား စိတ်သက်သာသွားသလို သက်ပြင်းကို ဟင်းခနဲ ချ၏။ နောက်ဆုံးဝါကျကို ဖတ်ပြီး သူကား အနောက်ကမ္ဘာကို လှမ်းကြည့် ကာ စိတ်ပူမိသည်။ "အို... သူတို့မယ် ငါတို့လို အေးအေးချမ်းချမ်း မနေနိုင်ကြရှာ ပါတကား" ဟု ကရုဏာဖြစ်ရသည်။ မိမိနိုင်ငံအတွက်ကား စိတ်အေးချမ်းသာ ရှိလျက်နေစဉ် ရုတ်ခြည်းပင် လက်ကိုင်ဖုန်းကို ယူကာ နိုင်ငံခြားနံပါတ်တစ်ခုကို နှိပ်လိုက်၏။

"ကိုကိုရေ... နောက်နှစ်သင်္ကြန်အထိ မြန်မာနိုင်ငံကနေ ဘယ်မှ မခွာဘဲ နေကြရအောင်နော်... ပျော်ရွှင်ခြင်း နိုင်ငံကို မြန်မြန်ပြန်လာခဲ့နော်" ဟု ပြောလိုက် လေတော့သတည်း။

❖

၁-၄-၂၀၁၇

mgyoe.com

mgyoe.com SAMPLE BOOK

# မယ်မွေးနဲ့ တီတားပေါ်က နှစ်ခွန်းသောစကား

အနုပညာလက်ရာအားဖြင့် ပြောင်မြောက်တဲ့ ရုပ်ရှင်ဇာတ်ကားတစ်ခုကို ရသမြောက်အောင် မရေးနိုင်ရင် လက်ထဲမှာ အရသာ ပျက်သွားမလားလို့ ဒီစာကို မရေးခင် စဉ်းစားမိတာ အမှန်ပါပဲ။ တကယ်ကတော့ ရုပ်ရှင်ထက် ရုပ်ရှင်ထဲက ရလိုက်တဲ့ စကားလေး တစ်ခွန်း၊ နှစ်ခွန်းကို ပြန်မျှချင်တာပါ။ ခုနေခါတော့ ချက်ချင်း ဒီစကားကို ကောက်ပြောလိုက်ရင် ဇာတ်ရည်မလည်ဘဲ ဖြစ်မှာကို တွေးမိတာကြောင့် ရုပ်ရှင်ရဲ့ ဇာတ်ကြောင်းကိုပဲ အရင်ပြောပါရစေ။

၁၉၅၇ လောက်မှာ စထားတဲ့ ဇာတ်လမ်းရဲ့ နောက်ခံကတော့ စစ်အေးကာလက အမေရိကန်–ဆိုဗီယက် သူလျှိုတွေ အပြိုင်အဆိုင်လွှတ်ပြီး နိုင်ငံတော်လုံခြုံရေးပါဝါ ဖြန့်ကြက်ရေး ခေါင်းစဉ်အောက်မှာ ကမ္ဘာကို အပြိုင်အဆိုင် စိုးမိုးဖို့ လက်နက်တပ်ဆင်ပြီး ကြိုးစားနေတဲ့ အချိန်တွေပါ။ ဇာတ်ကောင်ထဲက တစ်ယောက်ဖြစ်တဲ့ ရုရှသူလျှို ရူဒေါ့ဖ်အေဘယ်ဟာ နယူးယောက်ရဲ့ ဘရွတ်ကလင်းအပိုင်းမှာ နေပါတယ်။ သူက ရှုခင်းကားတွေ ဆွဲနေတဲ့ ပန်းချီဆရာလို နေပေမယ့် သူ့ရဲ့ အလုပ်ကတော့ ပန်းခြံတစ်ခုက ခုံတန်းလျားပေါ်မှာ မသိမသာထိုင်ရင်း သူတို့ စပိုင်ကွန်ရက်တွေက ချန်ထားပေးခဲ့တဲ့ စာတွေကို အမှိုပြုပြီး လှူပ်ရှားရသူပါ။ လျှို့ဝှက်လှုပ်ရှားရတဲ့သူဟာ မတ်စေ့လို အကြွေစေ့ကလေးတွေကို နှစ်ခြမ်း ခွဲခွာ

mgyoe.com

mgoloe.com

လိုက်တဲ့အခါ အကြွေပိုင်းနဲ့ ဆန့်အောင် သပ်သပ်ရပ်ရပ် ခေါက်ထားတဲ့ စာတို ကလေးတွေပေါ်က လျှို့ဝှက် ကုဒ်နံပါတ်တွေနဲ့ ရေးထားတဲ့ စာတွေကို ဖတ်ပြီး သူဟာ ချိတ်ဆက် ဆောင်ရွက်ရပါတယ်။ သူ့မျက်နှာဟာ မတုန်မလှုပ် ခပ်အေးအေး နေတတ်ပြီး သွားလာပုံကလည်း ခပ်လေးလေးပါ။ ဒါပေမဲ့ FBI က သူ့လှုပ်ရှားမှုကို ရိပ်မိပြီး အခန်းထဲမှာ လာရာတဲ့ အချိန်မှာတော့ သူ ဘာလုပ်ထားတယ် ဆိုတဲ့လက်စ လက်နကိုအမြန်ဖျောက်နိုင်ခဲ့သူပါ။ အေးအေးဆေးဆေးပဲ အဖမ်းခံလိုက်ပါတယ်။ လာဖမ်းတဲ့သူတွေက သိပ်သေချာနေတာတောင်မှ သူတို့ စွပ်စွဲနေတဲ့ သူလျှို အလုပ်နဲ့ လုံးလုံးမပတ်သက်တဲ့ ပန်းချီဆရာတစ်ယောက်အလား မျက်နှာသေနဲ့ လိုက်သွားပါတော့တယ်။

ဒီမှာ နောက်ထပ် အရေးကြီးတဲ့ ဇာတ်ကောင်တစ်ယောက် ထွက်လာ ပါတယ်။ သူကတော့ Tom Hanks က ဝင်သရုပ်ဆောင်ခဲ့တဲ့ James B. Donovan ဆိုတဲ့ ရှေ့နေဇာတ်ရုပ်ပါ။ အဖမ်းခံထားရတဲ့ ရုရှသူလျှို ရုဒေါ့ဖ်အေဘယ်ကို အမေရိကန်ပြည်ထောင်စုက တရားစွဲခံထားရတဲ့ အမှုမှာ ရှေ့နေလိုက်ပေးရမှာပါ။ FBI ဟာ ရုဒေါ့ဖ်ကို သူတို့ ရုရှားသူလျှိုတွေရဲ့ အချိတ်အဆက်တွေကို ထုတ်ဖော် ပေးဖို့ ဆွဲဆောင်ပါတယ်။ FBI နဲ့ ပူးပေါင်းဖို့ တိုက်တွန်းတာကို ရုဒေါ့ဖ်ကသာ လိုက်လျောမယ်ဆိုရင် တရားရင်ဆိုင်ရတော့မှာ မဟုတ်ဘူးလို့ ဆိုပေမယ့် ရုဒေါ့ဖ် ကတော့ ခပ်အေးအေးပါပဲ။ မတုန်မလှုပ် ဟင့်အင်းပဲ ဖြေပါတယ်။ သူ့ဆီက ဘာ မေးမေး ဘာမှလည်း မရပါဘူး။

ဒီအမှုမျိုးကို ရှေ့နေလိုက်ရမှာဖြစ်တဲ့ ဂျိမ်းစ်ဒိုနိုဘန်ကို ရန်သူ နိုင်ငံသား တစ်ယောက်ဘက်ကနေ အပြည့်အဝ ရပ်တည်ပေးဖို့ အမေရိကန်ပြည်ထောင်စု ရဲ့ ပြည်သူတွေကလည်း မမျှော်လင့်သလို အမိန့်ချရမယ့် တရားသူကြီးကလည်း မမျှော်လင့်ပါဘူး။ ပြီးပြီးရော လျှောက်လဲချက် ပေးပြီးတော့ မင်းတို့ နိုင်ငံသားကို တရားဥပဒေနဲ့ မညီဘဲ ပစ်စလက်ခတ် စွပ်စွဲထောင်ချပစ်တာ မဟုတ်ဘူး။ သူ့ ဘက်က တရားရုံးရှေ့မှောက်မှာ ခုခံပြောဆိုပေးမယ့် ရှေ့နေရှေ့ရပ်နဲ့တကွ ဆောင် ရွက်ပြီးမှသာလျှင် အမိန့်ချတာဖြစ်ကြောင်း ရုရှားတွေကို ပြဖို့ လုံလောက်ရုံ ကလေးပဲ ရည်ရွယ်တာပါ။ တရားမျှတသယောင် ပြရုံလောက်ပဲ ရည်ရွယ်တာပါ။ ဟန်ပြဖြစ်ဖို့ပဲ ဂျိမ်းစ်ကို ငှားခဲ့တာပါ။ သို့သော် အမေရိကန်ပြည်ထောင်စုရဲ့ တရား စီရင်ရေးဟာ လူလေးစားလောက်စရာ ဖြစ်ရမယ် ဆိုတာမျိုးကို ဂျိမ်းစ်က ပြန်

m-gyoe.com BOOK

ထောက်ပြီးတော့ အမှုကိုတကယ်လေးလေးနက်နက် အမှုသည်အတွက် အကောင်းဆုံးဖြစ်မယ့် အနေအထားကို ရအောင် လုပ်ခဲ့ပါတယ်။

တကယ်ဆိုရင် အမေရိကန်ပိုင်နက်မှာ သူလျှိုအဖြစ် ဝင်ရောက်လာမှုမှာ ရုရှားကို သိပ်မုန်းနေတဲ့ စိတ်လိုက်မာန်ပါဖြစ်နေတဲ့ ပြည်သူတွေကလည်း သေဒဏ်ချဖို့ကိုပဲ တောင်းဆိုနေကြတာပါ။ ဒီသေဒဏ်ကို ဆန့်ကျင်ပြီး တစ်ဖက်နိုင်ငံသားကို အကူအညီပေးဖို့ လုပ်နေတဲ့ ရှေ့နေဂျိမ်းစ်ကိုလည်း ရွံရွံမုန်းမုန်း မျိုးမချစ်သူအဖြစ် ရန်ရှာကြပါတယ်။ မိသားစုထဲမှာလည်း ဂျိမ်းစ်အပေါ် နားမလည်ပါဘူး။ အိမ်က မိန်းမနဲ့ ကလေးတွေအစ လူမုန်းတဲ့ ဒဏ်ကို ခံရတာကို မကြိုက်ကြပါဘူး။ သတင်းစာတွေကလည်း ရှုတ်ချကြပါတယ်၊ ဂျိမ်းစ်အနေနဲ့ကတော့ သူ့နိုင်ငံရဲ့ တရားရေးမှာ မတရားဖြစ်တာက ပိုပြီး အရုပ်ဆိုးမယ် ဆိုပြီး လူကြိုက်မများခြင်းဒဏ်ကို ခက်ခက်ခဲခဲ ကျော်ဖြတ်ခဲ့ရပါတယ်။ အဲဒီအချိန်တွေမှာ သူ့နဲ့ တရားခံအဖြစ် စွပ်စွဲ ခံရတဲ့ ရုဒေါ့ဖ်နဲ့ ပိုပြီး ရင်းနှီးလာကြပါတယ်။

တရားခံတစ်ယောက်အတွက် သေဒဏ် ကျနိုင်တယ်လို့ ဆိုတဲ့ အသိနဲ့ နေရတဲ့ ရက်တွေဟာ ကြောက်ခမန်းလိလိပါပဲ။ ကွန်မြူနစ်ကို ကြောက်ဖို့ မှိုင်းဝအောင် တိုက်ထားတဲ့ နေရာမှာ ကွန်မြူနစ်သူပုန်အတွက် သေဒဏ်ကလည်း ပြည်သူတစ်ရပ်လုံးရဲ့ အုန်းအုန်းကျွက်ကျွက် လိုလားချက်ပါပဲ။ ဒါပေမဲ့ နေ့တိုင်း ရုဒေါ့ဖ်ကို ကြည့်ရတာ ခပ်အေးအေးပါပဲ။ တစ်နေ့တော့ ဂျိမ်းစ်က ပြောတယ်၊ "ခင်ဗျားကို လျှပ်စစ်ထိုင်ခုံပေါ် ပို့ဖို့ အားလုံးက ဆုတောင်းနေကြတာပဲ။ ဒါပေမဲ့ ခင်ဗျားကိုကြည့်ရတာ ဣန္ဒြေကို မပျက်ပါလား" လို့ မေးတော့ ရုဒေါ့ဖ်က ပြန်ပြောတဲ့ စကားနဲ့ မျက်နှာထားကို အကြိုက်ဆုံးပါပဲ။ "ထူးမှာမို့လားကွ" "Would it help? " တဲ့လေ။

တရားရုံးမှာ အမိန့်မချခင် ရက်ပိုင်းမှာပဲ ဂျိမ်းစ်က တရားသူကြီးကို ရုဒေါ့ဖ်ဟာ အသက်ရှင်လျက် ရှိနေသေးရင် တစ်ချိန်မှာအမေရိကန်ပြည်ထောင်စုရဲ့ စပိုင်တစ်ယောက်ယောက်ကများ အဖမ်းခံရတဲ့ အဖြစ်မျိုး ပေါ်ပေါက်လာခဲ့ရင် အာမခံအနေနဲ့ သိမ်းထားသလို ဖြစ်ပြီး လဲလှယ်စရာတစ်ခုအနေနဲ့ အသုံးကျနိုင်တယ်လို့ စဉ်းစားစရာ ပေးခဲ့တယ်။ ဒါ့ကြောင့် သေဒဏ်တော့ မပေးပါနဲ့လို့ ဖျောင်းဖျနိုင်ခဲ့တယ်။ တရားသူကြီးလည်း စဉ်းစားပြီး ဒါကို လက်ခံခဲ့ပါတယ်။ ရုဒေါ့ဖ်ဟာ တရားရုံးမှာ စွဲချက်တင်ထားတဲ့ အပြစ်အားလုံး ကျူးလွန်ခဲ့တာ မှန်ကန်

m-gyoe.com

mgyoe.com

ကြောင်း၊ သို့သော်လည်း ထောင်ဒဏ် နှစ် ၃၀ သာ ကျမှာဖြစ်ကြောင်း ပြောတော့ မကျေနပ်တဲ့ ပြည်သူတွေဟာ ရှေ့နေအိမ်ပေါ် ခဲမိုးရွာတော့တာပါပဲ။

မရေးမနှောင်းမှာပဲ အမေရိကန်တစ်ယောက်ကို ရုရှက ဖမ်းမိသွားတဲ့ အဖြစ်က ကြုံလာခဲ့တယ်။ Francis Gary Powers ဆိုတဲ့ အမေရိကန်သူလျှို လေယာဉ်မှူးဟာ ဆိုဗီယက်ကို ကောင်းကင်ဓာတ်ပုံ ရိုက်နေတဲ့အချိန်မှာ အဖမ်း ခံလိုက်ရပါတယ်။ U2သူလျှိုလေယာဉ်ဟာ ပစ်ချခံလိုက်ရပြီး လေယာဉ်မောင်းသူ Francis Gary Powers ဟာ ရုရှားတွေ အရှင်ဖမ်းဆီးတာကို ခံလိုက်ရပါတယ်။

အဲဒီမှာ ဇာတ်ရှိန်က ပိုမြင့်လာပါပြီ။ ရုရှားတွေက ရုဒေါ့ဖ်ဟာ သူတို့ရဲ့ သူလျှိုပါလို့ ဝန်မခံခဲ့ပါဘူး။ ဒါပေမဲ့ သူတို့ဖမ်းထားတဲ့ ထောင်ထဲမှာ အနှိပ်စက်ခံ နေရတဲ့ အမေရိကန်လေယာဉ်မှူးနဲ့ ရုဒေါ့ဖ်ကို တရားခံချင်း လဲပေးဖို့ အရိပ်အမြွက် နဲ့ လေသံပစ်လာတဲ့အခါမှာ စောစောက ရှေ့နေဂျိမ်းစ် ပြောခဲ့တာတွေက မှန်ကန် လာခဲ့ပါပြီ။ ဂျိမ်းစ်ကိုပဲ သူလျှိုချင်း လဲလှယ်ဖို့ အရေးကို ကိုင်တွယ်ရာမှာ ညှိနှိုင်းဖို့ အတွက် တာဝန်ပေးပါတယ်။ အဲဒီအချိန်က ရုရှားဩဇာခံနယ်မြေ ဖြစ်နေတဲ့ အရှေ့ဂျာမနီမှာ ညှိကြနှိုင်းကြဖို့ ဂျိမ်းစ်က ထွက်ခဲ့ပါပြီ။ နိုင်ငံတော်ထိပ်တန်း လျှို့ဝှက်အရေးမို့ မိသားစုကိုတော့ လန်ဒန် ခဏသွားဦးမယ် ဆိုပြီး ထွက်လာတဲ့ ဂျိမ်းစ်ပါ။

စပိုင်နှစ်ယောက်ကို ဘဲစား ဘဲချေ လဲလှယ်မယ့်အထဲမှာ နောက်ထပ် ပေါ်လာတဲ့ အမှုကတော့ ဘာလင်မှာ ကျောင်းလာတက်နေတဲ့ အရှေ့ဥရောပ စီးပွားရေးကို လေ့လာနေတဲ့ ဘောဂဗေဒ ကျောင်းသားတစ်ယောက် ဖြစ်တဲ့ ဖရီးဒရစ်ပရိုင်ယာပါ။ အရှေ့ဘာလင်နဲ့ အနောက်ဘာလင်ကို ခြားထားတဲ့ တံတိုင်း ကြီး ဆောက်နေတဲ့ အချိန်မှာပဲ တံတိုင်းအနားမှာ သူ့ရည်းစားကို အနောက် ဘာလင်ထဲ ခေါ်သွင်းဖို့ ကြိုးစားနေတဲ့ ဖရီးဒရစ်ကို အရှေ့ဂျာမနီ လုံခြုံရေးတပ် တွေက ဖမ်းလိုက်တာပါပဲ။

ဖရီးဒရစ်လို အသက်နှစ်ဆယ်ကျော် PhD ကျောင်းသားတစ်ယောက် ကို ကယ်ဖို့ရာ ဂျိမ်းစ်ရဲ့ တာဝန်ထဲ မပါပါဘူး။ သို့သော် လူသားဆန်တဲ့ ဂျိမ်းစ်ဟာ လူချင်းလဲကြဖို့ညှိတဲ့အချိန်မှာ အမေရိကန်နိုင်ငံသား နောက်တစ်ဦးဖြစ်တဲ့ ဖရီးဒရစ် အတွက်ပါ ထည့်ပြီး ပြောပါတယ်။ ရုရှားဘက်က တစ်ယောက်နဲ့ အမေရိကန် နှစ်ယောက်ကို လဲပေးနိုင်မလား ဆိုတာကို သူတော်တော် ကြိုးစားပြီး ဈေးဆစ်

mgyoe.com

mgyoe.com SAMPLE BOOK

ရပါတယ်။ တကယ့်အဖြစ်အပျက်ကို အခြေခံရိုက်သော်လည်း ရုပ်ရှင်မို့လို့ ရုရှားဘက်နဲ့ အမေရိကန်ဘက် အပြန်အလှန် ညှိကြနိုင်းကြတဲ့အချိန်မှာ ဆန့်တင့်င့်လုပ်တာကိုလည်း တွေ့ရပါသေးတယ်။

ဂျိမ်းစ်ဟာအရှေ့ဘာလင်မှာရှိတဲ့ဆိုဗီယက်သံရုံးက ဒုတိယအတွင်းဝန်လို့ဆိုတဲ့သူနဲ့ ညှိရပါတယ်။ တကယ်တော့ သံရုံးမှာ သူ သွားတွေ့ခဲ့ရတဲ့သူက ရုရှကေဂျီဘီရဲ့ ခေါင်းဆောင်ပါ။ နောက်ဆုံး ဈေးဆစ်ကြရာကနေ နှစ်ယောက် – တစ်ယောက် အစီအစဉ် ဈေးတည့်သွားပါတယ်။ ဒါပေမဲ့ ပြဿနာက ကျောင်းသားကလေးကို ဖမ်းထားတာက ရုရှား မဟုတ်ပါဘူး။ ရုရှားသြဇာခံ အရှေ့ဂျာမနီကပါ။ ရုဒေါ့ဖ်အေဘယ်ကို ပြန်လိုချင်တာ ရုရှားတစ်ခုတည်း မဟုတ်ပါဘူး။ ဖြစ်နိုင်ရင် အရှေ့ဂျာမနီကလည်း သူတို့ကို အရှေ့ အနောက် အကွဲအပြဲကာလမှာ နိုင်ငံတစ်ခုအနေနဲ့လည်း အသိအမှတ်ပြုစေချင်၊ ဆိုဗီယက်ကိုလည်း မျက်နှာလုပ်ချင် ဖြစ်နေတဲ့အချိန်မှာ သူတို့ မိထားတဲ့ အကျဉ်းသားကို သုံးပြီး ရုဒေါ့ဖ်နဲ့ လဲချင်တာမျိုး ဖြစ်နေပါတယ်။

CIA ကတော့ ခေါင်းမာပါတယ်။ သူ့ မစ်ရှင်ထဲမှာ ပရွိုင်ယာ ဆိုတဲ့ ကျောင်းသားလေးကို ကယ်ဖို့ မပါတာမို့ မစဉ်းစားချင်ပါဘူး။ နောက်ဆုံးတော့ ဂျိမ်းစ်က ခေါင်းမာမာနဲ့ နှစ်ယောက်လုံး မပေးရင် ရုဒေါ့ဖ်ကို ပြန်မပေးဘူးလို့ နောက်ဆုံးအကြိမ် ဈေးဆစ်လိုက်တော့မှပဲ Glienick ဂလိနိခ်တံတားကြီးပေါ်မှာ တစ်ဖက်နဲ့တစ်ဖက် တွေ့ဖို့ချိန်းကြပါတယ်။ အဲဒီအချိန်မှာ ပါဝဲကို ရုရှားဘက်က မလွှတ်မချင်း အမေရိကန်ဘက်ကလည်း ရုဒေါ့ဖ်ကို မလွှတ်ပေးပါဘူး။ နောက်ဆုံး ဖရွိုင်ယာရော၊ ပါဝဲရော ရောက်ပြီဆိုမှ ရုဒေါ့ဖ်ကို လွှတ်ပေးလိုက်တာပါ။ နောက်ဆုံး ရုဒေါ့ဖ် သွားခါနီးကို ဂျိမ်းစ်က စိတ်ပူတဲ့အကြည့်၊ ရုဒေါ့ဖ်က မျက်လုံးနဲ့ စိတ်မပူဖို့ ပြန်ပြီး နှစ်သိမ့်နေတဲ့အကြည့် သွေးအေးတဲ့ဟန်တွေက ဇာတ်လမ်းရဲ့ အထွတ်အထိပ်ပါပဲ။

နောက်ဆုံးတော့ လေယာဉ်ပေါ်ကို ဘောဂဗေဒကျောင်းသားလေးနဲ့ ပါဝဲကို ခေါ်ပြီး ပြန်လာနိုင်ခဲ့ပါပြီ။ အဖမ်းခံလိုက်ရတဲ့ နုနုနယ်နယ်မျက်နှာနဲ့ ဖရိုးဒရစ်ဟာ သူ့ကို မကယ်ချင်ခဲ့တဲ့ CIA အရာရှိကို "ခင်ဗျားကို ကျေးဇူးတင်လိုက်တာဗျာ" လို့ ပြောတဲ့အချိန်မှာ အဲဒီအရာရှိဟာ မျက်နှာအမ်းတမ်းတမ်း အင်တင်တင် ဖြစ်နေပါတော့တယ်။ အဲဒီအချိန်မှာ ဂျိမ်းစ်ဟာ "မင်းကိုကယ်ခဲ့တာ

mgyoe.com

mgyoe.com SAMPLE BOOK

ငါကွ" လို့ ဝင်ပြောမယ့်သူ မဟုတ်ပါဘူး။

ဒီအခန်းကို မယ်မွှေးက အကြိုက်ဆုံးပါပဲ။ နောက်ဆုံးတော့ အကောင်းစား ဓာတ်အိမ်ကြီးတစ်ခုလုံး တည်ပြီး ရိုက်တဲ့အထဲမှာ ဒါလေးကိုမှ ကွက်ပြီး ကြိုက်ရသလားလို့ မေးရင်လည်း ခံရမှာပါပဲ။ အခြေအနေတိုင်းမှာ မဏ္ဍပ်တိုင် တက်ပြဖို့ လိုမယ် မထင်ပါဘူး။ ဒါ ငါလုပ်ပေးလိုက်တာကွ ဆိုတာတွေကို တွေ့ရတိုင်းမှာ ရုပ်ရှင်ထဲက စတီဖင်စပီးဘာ့ဂ်ရဲ့ သရုပ်ဆောင်ပုံကိုသာ သွားသွား မြင်မိတာပဲ။ လေယာဉ်ပေါ် ရောက်ပြီးတဲ့ အခန်းတွေကို ဆက်ပြီး ပြသွားတဲ့ အကွက်ကလည်း လှပါတယ်။ ဖရီးဒရစ်က ဂျိမ်းစ်ကို ပြောတယ်။ "ဂျာမန်တွေက ကျွန်တော့်ကို အကျဉ်းစခန်းမှာ စစ်ကြတုန်းက ကျွန်တော် ဘာမှ မပြောလိုက်ဘူးနော်..." တဲ့။ သူဟာ ထောက်လှမ်းရေး မဟုတ်ပေမယ့်လည်း သူ့နိုင်ငံကို သူ မဖောက်ပြန်ဘူးလို့ ပြောလိုတာ ဖြစ်တယ်။ ကျွန်တော် ဘာမှ သူတို့ကို မပေးခဲ့ဘူးတဲ့။ အဲဒီအခါမှာ ဘဝမှာ မှတ်မှတ်သားသား ဖြစ်နေရမယ့် အကြိုက်ဆုံး ဒိုင်ယာလော့တစ်ခုကို ရလိုက်ပါတယ်။ **I gave them nothing. I gave them nothing.** လို့ ဖရီးဒရစ်က ပြောတဲ့ သူ့လုပ်ရပ်ကို တာဝန်ခံလိုဟန် စကားကို ဂျိမ်းစ်က ပြန်ပြောပုံဟာ တစ်ကားလုံးရဲ့ အသက်ပါပဲ။ လူကြီးတစ်ယောက်က လူငယ်တစ်ယောက်ကို နောင်တော့ လူ့လောကရဲ့သဘောကို ဒီထက် ပိုသိလာမှာပါကွာ ဆိုတဲ့မျက်လုံးနဲ့ တုံ့ပြန်လိုက်တာပါ။ ကရုဏာဖြစ်တဲ့အပြင် စိတ်သက်သာပါစေ ဆိုတဲ့သဘောနဲ့ စကားတစ်ခွန်း ပြန်ပြောလိုက်ပါတယ်။ အပေါ်ယံမှာတော့ ဒီစကားဟာ လူငယ်တစ်ယောက်အတွက် ကျေနပ်စရာ ကောင်းချင်မှ ကောင်းမှာပါ။

"ကျွန်တော် လိမ္မာခဲ့တယ်နော်၊ မဟုတ်တာ မလုပ်ခဲ့ဘူးနော်" လို့ ပြောတဲ့ ကလေးတစ်ယောက်ကို "အေး အေး... သားရယ်၊ မင်း လိမ္မာပါတယ်" လို့ လိုက်လိုက်လျောလျော ပြောတာကို ပိုကြားချင်မှာပဲ။

ဒါပေမဲ့ ရှေ့နေဂျိမ်းစ်က ပြန်ပြောလိုက်တာက လူငယ်ကို ဒီထက် ပိုရင့်ကျက်တဲ့ နေရာဆီကို တွန်းပို့လိုက်တာမျိုးပဲ။

**"It doesn't matter. It doesn't matter what people think. You know what you did."** "ကိုယ်လုပ်ခဲ့တာ ကိုယ်သိနေရင် ပြီးတာပါပဲကွာ၊ ဘယ်သူ ဘယ်လိုမြင်မြင်ပေါ့" ဆိုတာလေးပါပဲ။

mgyoe.com

mgyoe.com SAMPLE BOOK

အဲသလိုပါပဲ။ ဘဝမှာ ကိုယ့်လုပ်ခဲ့တာကို ကိုယ်ယုံကြည်ဖို့က ပိုအရေးကြီးတာ မဟုတ်လား။ ဂျိမ်းစ်ကလည်း အမှုတွဲတစ်လျှောက်လုံးမှာ လူတွေအမြင်မှားတာကို ရင်ဆိုင်ဖို့ သူ့ကိုယ်သူ အဲသလို အားပေးခဲ့ရပုံပါပဲ။

ဒီဇာတ်ကားမှာ နောက်ထပ် မှတ်မှတ်ရရ စကားတစ်ခွန်းကတော့ ဂျိမ်းစ်က ရုဒေါ့ဖ်အတွက် လျှောက်လဲချက်တွေမှာ အထောက်အကူပြုနိုင်အောင် အကျဉ်းခန်းထဲမှာ ဆွေးနွေးနေကြတဲ့ အချိန်မှာ ပြောခဲ့တာပါ။

"ခင်ဗျားကို လျှပ်စစ် ထိုင်ခုံပေါ် ပို့ဖို့ အားလုံးက လိုလားနေကြတာပဲ၊ ခင်ဗျားကြည့်ရတာ သောကကင်းလှချည်လား" မေးတော့ ရုဒေါ့ဖ်က ပြောတဲ့ စကားပါ။ " Would it help ?" "စိတ်ပူနေလို့ကော ဘာထူးမှာလဲကွာ" ဆိုတာလေးပါ။

စိတ်ပူလို့ကော ထူးမှာလားလို့ ပြန်မေးလိုက်တဲ့ မျက်နှာက လောကခံကို စိတ်ပူနေတတ်တဲ့ သူတွေကို သတိပေးလိုက်သလိုပါပဲ။ စိုးရိမ်သောကတွေက အဲဒီစိုးရိမ်စရာတွေကို ရင်ဆိုင်ဖို့ ခွန်အားပေးလို့လားလို့ ပြန်မေးဖြစ်ရင်း ချစ်ရတဲ့ သူတွေကိုလည်း စိတ်ပူနေတဲ့ အခါမျိုး "Would it help?" လို့ ခဏခဏ သတိပေးရပါတယ်။

စတီဖင်စပီးဘာ့ဂ်က ဒီဇာတ်ကားကို စာအုပ်ကနေ ရုပ်ရှင်ဖြစ်အောင် ရိုက်တဲ့အခါမှာ နည်းနည်းတော့ ဇာတ်နာအောင်လုပ်ရတဲ့ အပိုင်းလေးတွေ ရှိပေမယ့် တကယ့်သမိုင်းဖြစ်ရပ်ကို အခြေခံတာမို့ စစ်အေးကာလကို စိတ်ဝင်စားရင် စိတ်လှုပ်ရှားစရာကောင်းတဲ့ ကားပါ။ Robert Dallek ရေးတဲ့ An Unfinished Life: John F. Kennedy, 1917–1963 စာအုပ်ထဲမှာ ဆိုဗီယက်နဲ့ အမေရိကန်တို့ကြားမှာ စစ်အေးတုန်းက တစ်ဖက်သူလျှိုကို တစ်ဖက်က ဖမ်းထားရာကနေ နှစ်ဖက်စလုံး ကျေအေးပြီး အပြန်အလှန် သူလျှိုအချင်းချင်း လဲပေးဖို့ ညှိပေးရတဲ့ ရှေ့နေ James Donovan အကြောင်းရေးထားတဲ့ အောက်ခြေစာညွှန်းကလေးကို ဇာတ်ညွှန်းရေးဆရာက တွေ့ပြီး ရုပ်ရှင်ရိုက်ဖို့ စိတ်ဝင်စားခဲ့ရာကနေ ရုပ်ရှင်ကုမ္ပဏီတွေကို ချပြတော့ Dreamsworks က ကြိုက်ပြီး ဝယ်လိုက်ရာကနေ ရုပ်ရှင်ဖြစ်လာတာပါ။ ဇာတ်ကားအတွက် အော်စကာဆုကို တစ်ပြေးခဲ့ပေမယ့် မရခဲ့ပါဘူး။ Bridge of Spies ရုပ်ရှင်ကားဟာ အော်စကာ ဆန်ခါတင်ထဲမှာ nomination ခြောက်ခု ရခဲ့ပေမယ့် ဇာတ်ပို့အော်စကာ ရသွားတဲ့ သူကတော့ Rudolf Abel

mgyoe.com

mgyoe.com SAMPLE BOOK

နေရာမှာ သရုပ်ဆောင်တဲ့ Mark Rylance ပါ။

ရုပ်ရှင်ပြင်ပက ဘဝတွေကို ဆက်ကြည့်ရင်တော့ ဂျိမ်းစ်ဟာ ၁၉၆၂ မှာ ကျူးဘားက ဖမ်းထားတဲ့ အမေရိကန်အကျဉ်းသား တစ်ထောင်ကျော်ကို လွတ်အောင် ထပ်ညှိပေးရတဲ့သူအဖြစ် တာဝန်ပေးခံရတယ်။ ပိုင်းလော့ကလေး ကတော့ အိမ်ထောင်ကျပြီး CIA မှာ ဆက်တာဝန်ယူရပါတယ်။ သူ့ဘဝက ပျော်စရာ သိပ်မကောင်းပါဘူး။ လူတွေက သူ့ကို အဖမ်းခံနေရတုန်းမှာ တိုင်းပြည် လျှို့ဝှက်ချက်တွေကို ကာကွယ်နိုင်အောင် ဘာလို့ ညွှန်ကြားထားတဲ့အတိုင်း အဆိပ်သောက် မသေခဲ့သလဲလို့ အပြစ်တင်ကြပါတယ်။ နောင်ကွယ်လွန်တော့ လည်း ရဟတ်ယာဉ် ပျက်ကျတဲ့အထဲ ပါသွားလို့ သေရတာပါပဲ။ ကျောင်းသား လေးဟာ နောင်မှာ professor emeritus of economics ဖြစ်ပြီး ကယ်လီ ဖိုးနီးယားတက္ကသိုလ် (ဘာကလေ)၊ ယေးလ်တက္ကသိုလ်နဲ့ ဥရောပက ကျောင်း အချို့မှာ စာသင်ပါတယ်။ အရှေ့တိုင်း ဘောဂဗေဒမှာ ကျွမ်းကျင်သူ ဖြစ်လာပြီး ရေးခဲ့တဲ့ အကယ်ဒမစ်စာတမ်းတွေကတော့ တစ်ပုံတစ်ပင်ပါပဲ။

❖

၃-၄-၂၀၁၆

mgyoe.com

mgyoe.com SAMPLE BOOK

# ဝိသာမနုတန မယ်မွေး

ယခုတစ်လော မယ်မွေး၏ နားထဲတွင် ဒေါ်လာဈေးသည် အတော်ပင် လှုပ်လှုပ်ခတ်ခတ် ဖြစ်၏။ အင်တာနေရှင်နယ် အင်စတီကျူးရှင်းကြီးများတွင် အတိုင်ပင်ခံများ ဖြစ်နေကြသော မယ်မွေးသူငယ်ချင်း အချို့ကလည်း အမေရိကန်ဒေါ်လာက နောက်ထပ်တက်ဦးမှာပဲ– တို့လူလေးများ ပျော်သလော့ဟု ဆိုကြ၏။ ခပ်စိမ်းစိမ်း အရွက်များကို အိပ်ရာအောက်တွင် မဟုတ်တော့ဘဲ ဘဏ်ထဲ စာရင်းဖွင့်ကာ စုသိမ်းထားသူများ အတော်ပင် လက်ခမောင်းခတ်ကြ၏။ မယ်မွေးမှာ တစ်ခါမှ စုစုဆောင်းဆောင်း မရှိလှသဖြင့် သူနှင့် ငွေလဲနှုန်းမှာ သိပ်မဆိုင်လှချေ။ မြန်မာငွေလဲနှုန်း တဖုန်းဖုန်းကျနေလျှင် နိုင်ငံခြားငွေနှင့် လစာရသူများပျော်ရမည် မဟုတ်တုံလော။ သို့သော် သူတွေးနေသည်မှာ သူဟင်းရွက်ဝယ်နေကျ ကြည့်မြင်တိုင်ညဈေးထဲမှ ဈေးသည်မကလေးများနှင့် သူတို့ဖောက်သည်များ၏ဘတ်ဂျက်များ အကြောင်း ဖြစ်သည်။ ကြက်ပိန်ကလေးတစ်ခြမ်း၊ သေးသေးတုံးလိုက်လို့မှ ခြောက်တုံးရသည့် အသားတစ်တုံးကို ငွေနှစ်ထောင် လောက်ပေးရသောအခါ (၂၀၁၅ ခုနှစ်ဈေး) မယ်မွေးသည် ဟုတ်ဟုတ်ညားညား ငါးဖယ်သည်အနားသို့ ပြေးကပ်သည်။ တစ်မြန်နှစ်က တစ်ဆယ်သား တစ်ထောင်ကို မာမာ ဝယ်နိုင်ခဲ့သော်လည်း ငါးဖယ်သည်သည် ယခုအခါ တစ်ဆယ်သား တစ်ထောင့်ငါးရာ ဟု

mgyoe.com

mgyoe.com SAMPLE BOOK

အော်ကာအော်ကာ ရောင်းနေလေပြီ။ ကြက်သွန်လက်သစ်များ ထွက်လာပြီ ဖြစ်သောကြောင့် အတန်ငယ် ဈေးကျသွားပြီ ဖြစ်သော်လည်း ပစ္စည်းတိုင်းသည် မနှစ်ကထက် ဈေးတက်နေသည်မှာ အမှန်ပင် ဖြစ်သည်။

မြန်မာ့စီးပွားရေးသည် အတက်သို့ ပြနေခဲ့သည်ဟု ဆိုကြသည်။ စီးပွားရေး တက်လာသည်နှင့်အမျှ ငွေကြေးဖောင်းပွမှုကို ရှောင်နိုင်မည် မဟုတ်ဟု ဗဟိုဘဏ်က ပြောထားသည်ကို သတင်းစာတွင် ဖတ်လိုက်ရ၏။ သို့သော် စီးပွားရေး အတက်ကို ခံစားရသူတို့မှာ ကြည့်မြင်တိုင်ညဈေးထဲမှာ ရှိသော သူ၏ ဖောက်သည်များ မဟုတ်ကြပေ။ လမ်းပေါ်က လူတစ်ယောက်သာ ဖြစ်သော မယ်မွေးသည် မဖောင်းပွသော သူ၏ အိတ်ရှုံ့ကလေးကို စမ်းကာစမ်းကာဖြင့် သူနေထိုင်ရာ တိုက်အောက်မှ လုံခြုံရေး၏ လစာသည် ငွေကြေးဖောင်းပွမှု အချိုးအရ မည်မျှတန်ဖိုးနည်းသွားသည်ကိုလည်းကောင်း၊ ဆိုက်ကားစီးသောအခါ ဆိုက်ကားသမားကို သူပေးလိုက်သော ငွေခုနစ်ရာမှာ မနှစ်ကနှင့်တူသော ငွေ ခုနစ်ရာ မဟုတ်တော့သည်ကို လည်းကောင်း၊ ဈေးသည် အညာသူမကလေး၏ ဟင်းရွက်တစ်ဗန်းအတွက် အရင်းငွေသည် မနှစ်ကထက် ကြီးလာမည်ကိုလည်းကောင်း ဆင့်ပွား၍တွေးမိလေသည် ။ ထိုသို့တွေးမိသည်နှင့်အမျှ ဒေါ်လာပေါက်ဈေးကြောင့် ရသောအကျိုးနှင့် လမ်းပေါ်က သူလိုကိုယ်လို လူတို့၏ ဝမ်းရေးမှာ ကြည့်မြင်တိုင် ဟိုဘက်ကမ်းနှင့် သည်ဘက်ကမ်းလို အလှမ်းကွာရသည့်အထဲ ကမ်းနားလမ်းက ဖြတ်သော ကွန်တိန်နာကားတန်းကြီးကဲ့သို့ပင် အင်ဖလေးရှင်းသည် ကမ်းတစ်ဖက်နှင့် တစ်ဖက်မြင်ကွင်းကို ခပ်မြင့်မြင့် ခြားထားသည်ကို မုန့်တီဟင်းကဲ့သို့ ကွင်းကွင်းကြီး မြင်လာမိသည်။ သူကား ဘောဂဗေဒ၏ အစွန်းအဖျားမျှ ကျက်မိသူဖြစ်သောကြောင့် စီးပွားရေးတစ်ခုလုံး လည်ပတ်မှုကိုခြုံငုံ၍ မသုံးသပ်နိုင်။ သို့သော် ကမ္ဘာ့သဘာဝဓာတ်ငွေ့ဈေးများ၊ ကျောက်စိမ်းဈေးများ၊ ပဲဈေးများ ကျနေချိန်တွင် မြန်မာနိုင်ငံမှာ လွန်ခဲ့သော ၂၀၁၅ ဒုတိယနှစ်ဝက်အတွင်း ကုန်သွယ်ရေးလိုငွေပြမှု ၁ ဒသမ ၇ ဘီလီယံဒေါ်လာမျှ ရှိကာ ယမန်နှစ် ဤကာလထက် ၂၇ ရာခိုင်နှုန်းမျှ တက်သွားသည် ဆိုသည်ကို ရေးရေးမျှ မှတ်မိ၏။

သို့ဖြစ်ရာ သူသည် ပို့ကုန်၏ ၆၀ ရာခိုင်နှုန်းမှာ သဘာဝသယံဇာတများ ဖြစ်ကြပြီး အမျိုးသမီးလစဉ်သုံးပစ္စည်းမှ စကာ ဆေးရုံသုံးဝါဂွမ်းအထိ နိုင်ငံခြားမှ ပစ္စည်းဝယ်သုံးနေရသော သူ့နိုင်ငံအရေးကို တွေးကာ ရင်လေးလာသဖြင့်

mgyoe.com

သယံဇာတအားလုံး ရှိသမျှမှာ လက်သည်းညှပ်မှသည် မော်တော်ကား အစရှိသော ပစ္စည်းများနှင့် နောင်ဆယ်စုနှစ်များစွာ လဲသုံးရန်မျှ ကျန်ပါ့မလားဟု ရင်ပူလာခဲ့သည်။ ထိုအခါ ထိုင်းဘုရင် ဘူမိဘော၏ မိမိဝမ်းစာ မိမိအိမ်မှာ ရှာဟူသော (Self Sufficieny) အယူအဆနှင့် အိန္ဒိယမှ ဂန္ဒီကြီး၏ ဆွာဒေဟိ (ဝံသာနု) ကို နမူနာပြုကာ ယနေ့မှစ နိုင်ငံခြားပစ္စည်းများ မသုံးဘဲ ပြည်တွင်းဖြစ်များသာ သုံးလတ္တံ့ဟု အဓိဋ္ဌာန်ပြုလိုက်လေသတည်း။

ထိုနေ့မှစကာ မယ်မွေးသည် ဈေးသွားသောအခါ သူ၏ ခြင်းထဲ၌ ကြက်ဥနှင့် ကြက်သားကို ဝေရာမဏိ သိက္ခာပဒံ သမာဒိယာမိလိုက်လေသည်။ အဘယ်ကြောင့်ဆိုသော် ကြက်ဥမှာ တစ်ဖက်နိုင်ငံမှ နံပါတ်ဝမ်းတစ် ဂဏန်းတစ် လုပ်ငန်းရှင်ကြီးတစ်ဦး၏ ကုမ္ပဏီဖြစ်သောကြောင့် ဖြစ်သည်။ မယ်မွေးသည် လွတ်လပ်သော လစ်ဘရယ်စီးပွားရေးစနစ်နှင့် အသားကျနေသော ကမ္ဘာတွင် မွေးသည့် တက်ခေတ်သမီး ဖြစ်၏။ သို့သော် ရေရှည်တွင် မြန်မာ့စီးပွားရေးမှ သည်လိုမှ ဝံသာမနုလျှင် ခက်ချေတော့မည်ဟု ယူဆကာ ဆပ်ပြာမှုန့်ကို သုံးရာတွင် အိတ်ခွံပေါ်တွင် Made in Hlaing Thar Yar ဟုပါမှ ဝယ်တော့သည်။ မွေးကတည်းက မြန်မာနိုင်ငံ၏ မှောင်ခိုမြို့တော်မှာနေပြီး ယိုးဒယားဆပ်ပြာမှုန့် သုံးလာသောအခါ ရန်ကုန်စက်မှုဇုန်လုပ် ဆပ်ပြာမှုန့်မှာ သူနှင့် လမိုင်းမကပ်လှချေ။ ကိစ္စမရှိ၊ အဝတ်ကား နေ့တိုင်း လျှော်ပစ်သည် မဟုတ်။ စားသုံးဆီမှာ မြန်မာပြည်က ထုတ်သည်ကိုသာ သုံးမည်ဟု ရည်စူးသည်။ ပြည်တွင်းထုတ် မြေပဲဆီဟု ကပ်ထားသော ပုလင်းများကို ဝယ်စားကြည့်သောအခါ နောက်တစ်နေ့တွင် လည်ချောင်းထဲ၌ သိသိသာသာ ချွဲကျပ်လာလေသည်။ အလွန့်အလွန် အကဲဆတ်သော ခန္ဓာ၏ လုပ်ငန်းဆောင်ရွက်ပုံပါတကား။ ဝံသာနုလိုက်တော့မှပင် သူ မသုံးဘဲ မနေနိုင်သော နိုင်ငံခြားပစ္စည်းတွေ များလှကြောင်း မယ်မွေး သိလာတော့သည်။

မနက်ခင်း မိုးလင်း မျက်နှာသစ်လျှင် သူသုံးသော မျက်နှာသုတ်ပဝါသည် မြန်မာပြည်ဖြစ် မဟုတ်၊ သွားတိုက်ဆေးသည် မြန်မာပြည်ဖြစ် မဟုတ်၊ သွားပွတ်တံ တစ်ချောင်းတောင် မြန်မာပြည်မှာ မထွက်။ မျက်နှာသစ်အပြီး နံနက်စာ စားသောအခါ သူသုံးသော ကော်ဖီပန်းကန်မှာ မြန်မာပြည်တွင် ပန်းကန်စက် အပျက်သာ ရှိသောကြောင့် တရုတ်ပန်းကန် ဖြစ်သည်။ ချိုင်းနား စစ်သည်

m g y o e . c o m

.mgyoe.com

ပေ့။ သူ အလုပ်အတွက် ပရင့်ထုတ်သောအခါ သစ်တောတွေ ပေါလှသော သူ့တိုင်းပြည်က စက္ကူမထွက်သဖြင့် နိုင်ငံခြားမိတ် ဖြစ်သည်ပေ့။ မည်သို့ပင်ဖြစ်စေ မယ်မွေး၏ ဝံသာနုအဓိဋ္ဌာန်ကို ခိုင်နိုင်သမျှ ခိုင်အောင်ထားမည်ဟု ဆုံးဖြတ်လိုက်သည်။ ထိုသို့ ကျင့်ကြံအားထုတ်နေရာ တစ်နေ့သ၌ အရေးပိုင်မင်းအား ဝံသာနုစစ်စစ် စတိုင်နှင့် မနက်စာ ပြင်လိုက်ရာ –

"မမွေး.. သည်ဟင်းကဘာတုံးကွဲ့…"

"ပဲပြုတ်လေ၊ ဝံသာနုပဲပြုတ်၊ ထမင်းကလည်း ပြည်တွင်းဖြစ်ပဲ"

ထိုပြည်တွင်းဖြစ်သည် တစ်နေ့လည်းမဟုတ်၊ နှစ်နေ့လည်း မဟုတ်ဖြစ်လာရာ အရေးပိုင်မင်းသည် ငြီးငွေ့လာသည့် အားလျော်စွာ လေသံမာမာဖြင့် "မယ်မင်း ခရုပတ်ခရိုးဆွန့် ပေါင်မုန့်ကလေး၊ နန်းကြီးသုပ်ကလေး မလုပ်တော့ဘူးလား" ဟု မေးလာရာ "ရှင် ပေါင်မုန့်စားရင် ပေါင်မုန့်ထဲမယ် ထောပတ်ပါမယ်၊ ပြည်တွင်းထောပတ်ဆိုရင် ဘေးမကင်းဘူး၊ နိုင်ငံခြားက သွင်းတာဆိုရင် ကျုပ်ဝံသာနုအဓိဋ္ဌာန် ပျက်မယ်။ နန်းကြီးသုပ်က ကြက်သားမပါဘဲ လုပ်လို့ရတာမဟုတ်ဘူးတော့်။ ကြက်စာတို့ ကြက်အားတိုးဆေးတို့ ဆိုတာက နိုင်ငံခြားကလာတာပဲ။ ပဲပြုတ်သာ စား" ဟု နားချသည်။

"မယ်မင်း… ဒီလိုသာ ဝံသာနုရင်ဖြင့် ကျုပ် ကျောင်းဆောင်သာ ပြန်နေတော့မယ်" ဟု ဆိုလေပြီးသောအခါ၌ ပြည်တွင်းဖြစ် မဟုတ်သော လေကြောင်းမှ လက်မှတ်ကို ဝယ်ကာ သူနေထိုင်ရာ တက္ကသိုလ်သို့ ပြန်သွားလေတော့သည်။ ထိုအခါ မယ်မွေးမှာ အရေးပိုင်မင်း၏ အငြိုအငြင်မခံဝံ့ကား ဝံသာမနုတနုဖြင့် နိုင်ငံခြားဖြစ် လေကြောင်းလိုင်းမှ လေယာဉ်လက်မှတ် အမြန်ဖြတ်ကာ မဆိုင်းမတွလိုက်သွားလေသတည်း။ မယ်မွေး၏ ဆွာဒေဟိ (ဝံသာနု) တရားမှာ ဤတွင်ပြီး၏။

❖

၂၃-၁၂-၂၀၁၅

mgyoe.com

mgyoe.com SAMPLE BOOK

# မယ်မွေးနှင့် စာကလေး

သိပ္ပံမောင်ဝ၏ ဇာတ်ကောင် မောင်လူအေးသည် စကားတတ်ခါစ သူ့သားလှရွှေစင် မောင်လူမွေးနှင့် စာကလေးများ အကြောင်းကို ရေးသည်။ အကလေး၏ ပီတိအပြစ်ကင်းသော စပ်စုလိုစိတ်ကို ချစ်ခင်လာစေလျက် မောင်လူအေး၏ စာရေးဟန် သွက်သွက်နှင့်အတူ သူတို့စကားဝိုင်းထဲ စာဖတ်သူပါ ရောက်သွားတော့သည်။ ယခု မယ်မွေး ပြောမည့် စာကလေးပုံကား ထိုမောင်လူအေးတို့ စကားဝိုင်း၏အဆက် မဟုတ်ပေ။ ယခုစာကလေးများသည်ကား မောင်လူမွေးက ဘာ့ကြောင့် ဖိနပ်မစီးရသလဲဟု မေးသော စာကလေးများ မဟုတ်ကြ။ ယခု စာကလေးများကား မယ်မွေးနှင့် တစ်နေ့ကုန် တစ်နေ့ခန်း တိုက်ပွဲဆင်နေကြသော စာကလေးများ အကြောင်းပေ။

နှစ်ထပ်အိမ်၏ တံခါးမ၊ အိမ်ရှေ့ဝင်ပေါက် သံဘာဂျာတံခါးမကြီးသည် ကျပ်လှပြီ။ ထိုတံခါးပေါက်ကို ဖွင့်တိုင်း၊ ပိတ်တိုင်းတွင် သူတို့အရိပ်ခြည်ကို ကြည့်နေရသည်။ အိမ်ရှင်တို့သည် အခြားတစ်ပါးသော အရပ်တွင် တစ်လ၊ နှစ်လ သည်အိမ်မှာ တစ်လ၊ နှစ်လ ဆိုသလိုနေပြီး ဧည့်သည်သဘောဖြစ်နေတတ်သော ကြောင့် ဤစာကလေးများသည် သူတို့ကိုယ်သူတို့ အိမ်ရှင်ဟုမှတ်ကြပြီး အိမ်ထဲမှ မယ်မွေးကို အာဂန္တုဟု မှတ်နေကြဟန် တူသည်။ သူတို့သည် သံဘာဂျာတံခါး

mgyoe.com

မကြီး၏ တစ်ဖက်တစ်ချက်တွင် အိမ်တစ်အိမ်စီ ဆောက်ကြသည်။ ပတ်ဝန်းကျင်မှ သူတို့သယ်နိုင်သမျှ ကောက်ရိုး၊ သစ်ရွက်၊ ကြွပ်ကြွပ်ကြိုး၊ အုန်းဆံ၊ တံမြက်စည်းမွေး အစရှိသည်တို့ကို စုဆောင်းယူဆောင်ကြလျက် အိမ်ရှေ့ အဝင်တံခါးဝတွင် အသိုက်ဆောက်ကြကုန်၏။ အကျအန ခိုင်ခိုင်ခံ့ခံ့ဆောက်ကြသည်။ သို့သော် မယ်မွေး ပြန်လာပြီး အိမ်မှာနေသော ရက်များတွင် သံဘာဂျာတံခါး ဖွင့်လိုက်ပိတ်လိုက်လုပ်သဖြင့် သူတို့သည် အနှောင့်အယှက် ဖြစ်ကြရသည်။ အစာ ရှာသွားရာတွင် သူတို့သားကလေးများကို ထားခဲ့ရသည်က စိတ်မချ လက်မချ ဖြစ်ရသည်။ မယ်မွေးသည် ပထမဆုံးအကြိမ် သူတို့ကို တွေ့စဉ်က ငါ့အိမ်တံခါးဝ အိမ်သာလို မှတ်ပြီး ချေးယိုမယ့် အကောင်တွေ... ကျိန်စာ အတိုက်ကြမ်းတယ်လို့ ဆိုတဲ့ အကောင်တွေပေမယ့် ရဲဆေးတင်ပြီး သူတို့ မရှိတုန်း အသိုက်ဖျက်ပစ်မယ်ဟု ဆိုကာ ဘာဂျာတံခါးကြား အခိုင်အခံ့ ချိတ်တွယ်ထားသော အမှိုက်များကို ဖယ်ပစ်သော အခိုက်ဝယ် အတောင်စုံပြီ ဖြစ်သော်လည်း အပျံမတတ်သေးသည့် အရွယ် စာကလေးတစ်ကောင် ဖုတ်ခနဲ မြေကြီးပေါ်သို့ လေထီးမပါဘဲ ဆင်းလာရတော့သည်။ ငရဲကိုလည်း အလွန်ကြောက်သော မယ်မွေးသည် မရဲတရဲ သူတစ်ပါး အသိုက်ကို ဖျက်နေရသည့်အထဲ သားငယ်ကို ကရုဏာ သက်သွားသောအခါ ဒုက္ခပါပဲ၊ ဒုက္ခပါပဲ ငါတော့ ဝဋ်လိုက်တော့မှာပဲဟု နှုတ်က တရွရွ ရွက်သည်။ ကွန်ကရစ်အခင်းပေါ် ရောက်ပြီးသား ဖျက်ပြီးသား အမှိုက်ပုံပေါ် ပြန်တင်ထားပေးသော်လည်း သင်းကလေးက မြေပေါ်မှာ မပျော်၊ ငှက်ကျင့် ငှက်ကြံဖြင့် ပျံတော်မူလေရာ သူကောင့်သားမှာ ရေမကူးတတ်ဘဲ ရေကူးချင်သည့်ကလေးနှယ် လေပေါ်တွင် ယက်ကန်ယက်ကန် ဖြစ်ရှာတော့သည်။ ဝေးဝေးလည်း မပျံနိုင်ဘဲ ခြံစည်းရိုးပေါ်ကျော်ပြီး တစ်ဖက်ခြံဝင်းထဲ ဖုတ်ခနဲ ထပ်ကျကာ ငုတ်တုတ်မေ့သွားတော့သည်။ တစ်ဖက်ခြံကလည်း လူမရှိသောကြောင့် ဘာမှ ဆက်လုပ်ပေးလို့ မရတော့ပေ။

အဲဒီကတည်းက မယ်မွေးသည် အိမ်တံခါး ဘာဖြစ်ဖြစ် သူတစ်ပါး အသိုက်တော့ မဖျက်တော့ပြီဟု စိတ်ဆင်းရဲမခံရန် ဆုံးဖြတ်လိုက်သည်။ အိမ်ဦးနတ်ကို "ကိုကိုရေ... စာကလေးအိမ်တော့ လာတွယ်နေပြီ၊ တခြားဖျက်ဖို့ ခက်တဲ့နေရာတွေ မတွယ်ရအောင် သူတို့အတွက် ဆောက်ပြီးသားအိမ် ဝယ်ပေးလိုက်ရမလား" ဟု ဆိုသောအခါ "မယ်မွေးရယ်... နောင်တော့ တို့များ ဒီမှာ အမြဲနေတဲ့

mgyoe.com

အခါ လှလှပပ ဝယ်ပေးကြတာပေါ့၊ ခုများတော့ ဒီလိုပဲ နေချင်နေကြပါစေ၊ ပြီတော့ မယ်မွေးကို ငရဲကြီးတဲ့အလုပ် သေးသေးကလေးတောင် မလုပ်စေချင်ဘူး၊ ခု မဖျက်ရသေးရင် သွားမဖျက်နဲ့နော်" လို့ ဆိုသဟာဖြင့် တစ်ဝက်တစ်ပျက် အသိုက်ဖျက်မိသော မယ်မွေးမှာ မဲ့တဲ့တဲ့နှင့် အင်း... ငါတော့ လုပ်မိပြီပေါ့ဟု ဝန်လည်း ဝန်မခံဘဲ တွေးသည်။

စာကလေးများ၏ အိမ်ကို မယ်မွေးက မဖျက်တော့သော်လည်း မယ်မွေးနှင့် သူတို့ဇာတ်လမ်းမှာ မဆုံးသေးပေ။ မယ်မွေးနဲ့ စာကလေးတိုက်ပွဲမှာ ယခုအချိန်အထိ မယ်မွေးမှာ အရှုံးပြနေရာ တရုတ်ခေတ်ပေါ် သမိုင်းထဲမှ စာကလေး နှိမ်နင်းရေးတွင် တေဒဂ်ရခဲ့သူ တရုတ်ခေါင်းဆောင် မော်စီတုန်းကိုပင် စာကလေးပေါ်လစီ ချဖို့ ကောင်းကင်ဘုံမှ ပြန်ပင့်ရမလိုလို ဖြစ်နေတော့သည်။ အကြောင်းမှာ ကိုရွှေစာကလေး၏ မိသားစုတို့သည် ယနေ့ခေတ်ကာလ ဈေးကွက်စီးပွားရေးစနစ်ကြီးထဲတွင် ရှိသမျှ မြေနေရာ ဦးနိုင်မှ တော်မဟဲ့ဟု မှတ်သည်လော မသိ။ ကိုရွှေစာကလေးတို့သည် လေအေးပေးစက်များမှ သွယ်ကျလာသော ပိုက်များထွက်သည့် အပေါက်ထဲတွင် နောက်ထပ် မြေကွက်များ သိမ်းကြပြန်သည်။ အိမ်များ ချဲ့ကြပြန်သည်။ အမှိုက်များဖြင့် တိုးလိုးတွဲလောင်း လေအေးပေးစက် အပြင်ထိုင်များကို မျက်စိရှုပ်လှသော်လည်း အသိုက်ကိုကား မဖျက်ရဲတော့ပေ။ အဆိုးဆုံးမှာ အိမ်ရှေ့တွင်မက အိမ်နောက်ဖေးတွင်ပါ နောက်ထပ် မြေသိမ်းရန် ကြံစည်နေကြသော လောဘအိုး စာကလေးများပင် ဖြစ်သည်။ သူတို့သည် မီးဖိုမှ ထွက်သော အငွေ့ကိုစုပ်ထုတ်သည့် လေပွန် အပေါက်ကျယ်ထဲတွင် နယ်ချဲ့ရန် ကြံစည်နေသည်မှာ တစ်ပတ်ကျော်လေပြီ။ မယ်မွေးသည် ဤတစ်ကြိမ်တွင် လက်မြှောက် အရှုံးပေးမည် မဟုတ်ပေ။

မနက်ခင်းနေရောင် ကျလာသည်နှင့် သူတို့မောင်နှံ ဒွိယံဒွိယံများသည် ဤပိုက်လုံးအတွင်းတွင် ချိန်းတွေ့ကြသည်။ အလုပ်များသဖြင့် ဟင်းကို ကြိမ်ရေအနည်းဆုံးဖြစ်အောင် ချက်နေသော မယ်မွေးသည် ထိုလေပေါက်ကို အမြဲတစေသုံးနေသည် မဟုတ်။ သို့သော် ယခုအခါ မယ်မွေး စိတ်ပြောင်းပြီ။ ဒေါင်းတင်မောင်းတင် တိုက်ပွဲဝင်တော့မည်။ သူတို့၏ ကျိလိကျိလိအသံကို ကြားသည်နှင့် မယ်မွေးသည် လေစုပ်ပိုက် အရှိန်အမြင့်ဆုံးခလုတ်ကို နှိပ်ပြီး မောင်းလွှတ်တတ်လေသည်။ ပြေးပေရော့ အတွဲတွေ... သူများပိုင်နက်မှာ လာချိန်းတွေ့သူတွေ။

m gyoe.com

mgyoe.com

ကိုလိုနီနယ်ချဲ့ အသိုက်ရှာသူတွေ။ ဤတိုက်ပွဲတွင် မယ်မွေးအတွက် စစ်ကူမှာ အီးပီစီ ဖြစ်ပေသည်။ အီးပီစီမှ လျှပ်စစ်မလွှတ်လျှင် မယ်မွေးကား ကျည်ဆန်မဲ့သူပေ။ စာကလေးများနှင့် မယ်မွေးသည် ဘတစ်ပြန် ကျားတစ်ပြန် ဖြစ်ဆဲတွင် မိုးကား ဖြိုင်ဖြိုင်ရွာပေပြီ။ မယ်မွေး နိုင်ရပေမည်။

❖

၁၈-၅-၂၀၁၄

mgyoe.com

mgyoe.com SAMPLE BOOK

# မယ်မွေးနှင့် ကုန်ဈေးနှုန်း

မယ်မွေးသည် တစ်မြန်နေ့က ဈေးသို့ သွား၏။ ဈေးသို့ ရောက်သောအခါ ဆေးထိုးအသားတိုးကြက် မဟုတ်တာ သေချာသော မြန်မာကြက်တစ်ခြမ်းကို လက်ညှိုးထိုး၏။ ဘယ်လောက်ဈေးလဲ မေးသောအခါ ဈေးသည်အစ်မကြီးက တစ်ထောင်ဈေး (တစ်ဆယ်သား တစ်ထောင်) ဟု ဆိုကာ ဝယ်သူ၏ ယူမယ်၊ မယူဘူး အပြောကိုပင် မစောင့်၊ ချိန်ခွင်ထဲ ဆောင့်ပစ်ထည့်၏။ နွေလေပူလောက်နီးနီး အရှိန်မြန်သော သူ့လက်အလျင်ကို မီအောင် "ကလီစာတွေ မယူဘူး" ဟု မယ်မွေးက အမြန်လိုက်ပြောလိုက်သောအခါ မျက်နှာကြီး ရှစ်ခေါက်ချိုးသွားပြီးလျှင် "အဲဒါဆိုထောင့်နှစ်ရာဈေးပဲ" ဟု ဆိုသည်။ မယ်မွေးသည် စိတ်ထဲက ကြက်သားဈေးကို လန့်သွားသော်လည်း ဈေးသည်တွေနှင့် ငြင်းရမှာ သတ္တိကား စိုးစဉ်းမျှ မရှိပေ။ ဒီအချိန်ကျမှ ချိန်ခွင်ပေါ် ရောက်ခါမှ မယူတော့ဟုဆိုလျှင် ဈေးသည်အစ်မကြီး၏ ကြက်ခုတ်ဓားသွားအလား ထက်သော နှုတ်ခမ်းဖျားကိုကြောက်ရသည်နှင့်တိတ်တိတ်သာနေပြီး အစိတ်သားကို သုံးထောင်ပေးပြီး ဝယ်လာခဲ့သည်။ ထို့နောက် သရက်သီးသည်ထံ ဦးလှည့်သွားသည်။ ကောင်းကောင်း မမှည့်ချင်သေးသော စိန်တစ်လုံး သရက်ကို တစ်လုံး ၈၀၀ ဟု ဆိုသည်။ မတတ်နိုင်၊ စားချင်လှပြီ၊ ဝယ်ရတော့မည်။ မနှစ်ကမှ တစ်လုံး ၄၀၀၊ အလုံးလှလှကြီးတွေမှ ၅၀၀ ပေးရသော စိန်တစ်လုံး

mgyoe.com

mgyoe.com SAMPLE BOOK

သည် ယခုအခါ ဘဝင်မြင့်၍ နေလေပြီ။

မယ်မွှေးသည် ဈေးမဝယ်၊ ဟင်းမချက်ဘဲ ဧည့်သည်လုပ်ကာ အိမ်တကာ လှည့်စားနေသည်မှာ ကြာလှပြီ။ နိုင်ငံတော်၏ စေတနာဖြင့် လစာများ တိုးကြ တာကို ကြားသော်လည်း သူ့စကောလားရှစ် လစာကား ဤတိုးတက်ခြင်း ရေ အလျဉ်နှင့် နည်းနည်းမျှ မဆိုင်သဖြင့် သူနှင့် စပ်ဟပ်သော သတင်း မဟုတ်သလို ပင် နည်းနည်းမျှ မတုန်လှုပ်ပေ။ ယခုကား သူ၏ နေ့စဉ်ဘဝနှင့် တည့်တည့်ကြီး တိုက်ဆိုင်လာပြီ။ ကုန်ဈေးနှုန်း ဟူသော လက်နက်ကြီးအောက်တွင် ပိပိပြားပြား နေရတော့မည်။ နောင်ရမည့် ပိုက်ဆံကို ခုကတည်းက ကြိုသုံးသည့် အလုပ်မျိုး မလုပ်တော့ဟု သူ့ကိုယ်သူ အာမဘန္တေခံ၏။

သူသည် ယခုတစ်ကြိမ်တည်းသာ ဤသို့ကြုံဖူးသည် မဟုတ်ပေ။ ဒိန်းမတ် မှာ မဟာဝိဇ္ဇာတန်း ကျောင်းတက်စဉ်ကလည်း ကြုံခဲ့ဖူးသည်။ သူသည် ကျောင်း မသွားမီကပင် သူ့ကျောင်းက သူ့ကို စာတစ်စောင် ကြိုတင်၍ ပေးပို့သည်မှာ ကျောင်းသို့မလာမီ ပြင်ဆင်သင့်သည့် အရာများကို အကြောင်းကြားခြင်း ဖြစ် သည်။ ထိုအချက်များထဲတွင် ထူးထူးခြားခြား ပြင်ပစားသောက်ဆိုင်များတွင် ဝယ်ယူရခြင်းမှာ ဈေးကြီးပါသည်။ မိမိ အသုံးပြုလိုသော Cookbook ဟင်းချက် နည်းစာအုပ်ကို မိမိဘာသာ ယူလာပါဟူ၍ ဖြစ်၏။ မယ်မွှေးကား ဟင်းချက်နည်း စာအုပ်ကို စိတ်ဝင်စားသည့်တိုင်အောင် အနားမှာ တစ်အုပ်မှထားသူ မဟုတ် ပါလေ။ ထို့ကြောင့် ကျောင်းသွားတက်သောအခါ သူတို့ မှာသည့်အတိုင်းလည်း လုပ်မသွား။ ကြုံရာကျပန်း စားမည်ဟု တွေးသည်။

သို့သော် ဟိုရောက်သောအခါ သူတို့ဆိုသော ကုန်ဈေးနှုန်းနှင့် ထိပ်တိုက် တွေ့လေပြီ။ မယ်မွှေးသည် ရောက်ခါစက ကျောင်းဆောင်၏ မီးဖိုချောင်ကို အသားမကျပေ။ သူချက်သော မြန်မာဟင်းတွေကို စပ်စပ်စုစု သူများ လာကြည့် မှာလည်း ကြောက်သေးသည်။ တက္ကသိုလ်ဝင်းအတွင်းက လူနေကျောင်းဆောင် များစွာ ရှိသည်။ ကျောင်းဆောင်တိုင်းတွင် လူနေခန်း ရှစ်ခန်းရှိပြီး ထိုရှစ်ဦးသော ကျောင်းသားတို့အတွက် ပေးထားသော မီးဖိုချောင်သည် အတော်အတန် ကျယ်ဝန်း သည်။ နိုင်ငံသားတို့ထံမှ ဝင်ငွေခွန် ၆၀ ရာခိုင်နှုန်းလောက် ကောက်သော နိုင်ငံ သည် သူ့နိုင်ငံသားများအတွက် ပြန်သုံးရာတွင် ရက်ရောလှသည်။ ထိုကျောင်း သားရှစ်ဦးအတွက် ထားရှိသော အစိုးရက ပေးသော မီးဖိုချောင်သည် အဆင့်မြင့်

mgyoe.com

mgyoe.com SAMPLE BOOK

Service Apartment တစ်ခု၊ ကွန်ဒို Residence တစ်ခု၏ မီးဖိုချောင်နှင့် မကွာလှပေ။ လူတစ်ရပ်ထက် ရှည်သော ရေခဲသေတ္တာကြီး နှစ်ခုကို အဆောင်တစ်ခုလုံးရှိ ကျောင်းသားများက အကန့်များခွဲကာ ပိုင်ဆိုင်သည်။ DVD ဖွင့်စက်နှင့် အတူ ၅၂ လက်မ တီဗွီအပြားကြီးတစ်ခုကို ထမင်းချက်နေရင်း ကြည့်လို့ရအောင် တပ်ထားသည်။ မီးဖိုချောင် ပန်းကန်ခွက်ယောက်၊ ဇွန်း ခက်ရင်း အကောင်းစားတွေသည် စုစုပေါင်း လူ ၂၀ စာလောက်ကို ကောင်းကောင်းပါတီပေးလို့ ရသည်အထိများသည်။ မိမိတို့ ကြိုက်ရာ ယူသုံးရုံပင်။ သို့သော် သန့်ရှင်းဖို့ လိုသည်။ ဆေးကြောပြီးသည်နှင့် ချက်ချင်း ရေခြောက်အောင် သုတ်ပြီး သူ့နေရာသူ ပြန်ထည့်ပေးရသည်။ ထို့အတွက် လက်သုတ်ပဝါသည် အထည်ပေါင်းများစွာ ထားပေးသည်။

မယ်မွေးတို့ နေရသော အဆောင်များသည် ဒိန်းမတ်ဘုရင်မကြီး ငယ်စဉ်က နေခဲ့သော ကျောင်းဆောင်များအနက် အဆောင်တစ်ခု ဖြစ်သည်။ သို့သော် သာမန်နိုင်ငံသားတွေလည်း သူလိုကိုယ်လိုနေကြသော ကျောင်းဆောင်တစ်ခုသာ။ ဘာမှ ပိုလို့ ထူးခြားနေတာ မဟုတ်။ ဒိန်းမတ်လို၊ စင်ကာပူလိုနိုင်ငံသေးသေးကလေးတွေသည် နိုင်ငံတကာနှင့် ဆက်ဆံရေးတွင် အမြင်ကျယ်မှသာ၊ တံခါးကျယ်ကျယ် ဖွင့်ထားမှသာ သူတို့ စီးပွားရေး၊ ကျန်းမာရေး ဒေါင်ဒေါင်မြည်နိုင်သည်ကို အသားကျစွာ လက်ခံထားကြသည်။ ထို့ကြောင့် ကော်စမိုပိုလီတန်ဖြစ်ခြင်းကို ကြိုဆိုသင့်သော အရာဟု ယူဆကြ၏။

အခြားကမ္ဘာအရပ်ရပ်မှ ကျောင်းသားများကို သူတို့နိုင်ငံသားများက ကောင်းစွာ ကြိုဆိုလက်ခံတတ်ရန်လည်း သွယ်ဝိုက်သောအားဖြင့် အားပေးသင်ကြားတတ်ကြ၏။ ထိုအစီအစဉ်မျိုးတွင် ဥပမာ– ကျောင်းသားရှစ်ဦး ထားသော အလွှာတစ်ခုတွင် အနည်းဆုံး နိုင်ငံခြားသား ကျောင်းသူ/ကျောင်းသားတစ်ဦး ရှိကိုရှိရမည်မှာ သူတို့တက္ကသိုလ်၏ မူဝါဒ ဖြစ်သည်။ မယ်မွေးသည် ထိုအချိန်က သူနေသော အလွှာတွင် ဒုတိယမြောက် နိုင်ငံခြားသား ဖြစ်သည်။ သူ့အရင်ရောက်နှင့် သူမှာ နိုင်ငံရေးသိပ္ပံ လာတက်နေသော ပိုလန်ကျောင်းသားကလေး ဖြစ်သည်။ ထို့ကြောင့်သူသည် စကင်ဒီနေးဗီးယား ကျောင်းသားတွေနှင့် တရုန်းရုန်းဖြစ်သော မီးဖိုးချောင်တွင် အတူတူချက်ပြုတ်တတ်ရန် ကြိုးစားရသည်။ တစ်ခါတစ်ရံတွင် သူတို့သူငယ်ချင်းတွေပါ မီးဖိုချောင်ထဲကို ရောက်နေတတ်သေးသည်။ တစ်ခါတစ်ရံတွင် ပါတီလုပ်ကြသေးသည်။

mgyoe.com

mgyoe.com SAMPLE BOOK

အစပိုင်းတွင် မယ်မွေးက ကိုယ် ဟင်းချက်နေတုန်း သူများ ဟိုမေး ဒီမေး လုပ်မှာ အတော်ပင် စိုးရိမ်ခဲ့ရသေးသည်။ ဒီ့အပြင် မယ်မွေးလို တောသူမသည် ကိုယ့်ကြောင့် ကိုယ်မသုံးတတ်သော မီးဖိုချောင်ပစ္စည်းတစ်ခုခု ပျက်သွားမှာလည်း ကြောက်သေးသည်။ သို့သော် ထိုစိုးရိမ်မှုကို အတင်းကျော်ဖြတ်ခိုင်းသည်မှာ သူတို့၏ ကုန်ဈေးနှုန်းပင် ဖြစ်သည်။ မယ်မွေးသည် ရောက်ခါစနေ့က မီးဖိုချောင်ကို လှည့်ပတ်ကြည့်ပြီးနောက် ချက်စားဖို့ သတ္တိမရှိပေ။ ထိုင်းတွင် ကျောင်းတက်စဉ်ကလည်း လမ်းဘေးထမင်းဆိုင်နှင့် ချူလာလောင်ကွန်းပရိဂုဏ်က ဈေးလျှော့ပြီး ရောင်းသော ကင်တင်းများသည်သာလျှင် သူ၏ ထမင်းအိုး ဖြစ်သည်။ ထို့ကြောင့် ပထမဆုံး ဒိန်းမတ်ရောက်သည့်နေ့တွင် ခရီးရှည်အဆုံး၌ အမောကလည်း မပြေသေးရာ တစ်နပ်စာ ထမင်းလွတ်အဖြစ် အနီးဆုံးဆိုင်က ဗယာကြော်နှင့် တူသော ပဲလုံးကျော်နှစ်ခုကို ဝယ်စား၏။ သည်နှစ်ခုကပင် ၃၅ ခရိုနာ (ငါးဒေါ်လာကျော်ကျော်) ကျသောအခါ အားပါးပါးဟု အော်တော့သည်။ ထို့အတူ ကျောင်းကင်တင်းတွင် သိပ်မကြီးသော ဟမ်ဘာဂါတစ်ခုသည် ငါးယူရိုကျော် ကျသည်။ အပေါဆုံးစက်ထဲက ထွက်သော ကော်ဖီတစ်ခွက်မှာ သုံးယူရိုလောက် ကျသည်။ သည်တော့ မယ်မွေး ချက်စားဖို့ ပြင်ဆင်ရပြီ။

တကယ်ချက်သောအခါ ကိုယ်ချည်းပဲ မဟုတ်။ ကျောင်းသားအားလုံးသည် အချက်အပြုတ် ကျွမ်းကျင်သူချည်း ဖြစ်ကြောင်း တွေ့ရသည်။ ကျောင်းသားတွေသည် ကျောင်းသူတွေထက်တောင် ချက်ပြုတ်ရာတွင် ဝီရိယနှင့် တီထွင်ဖန်တီးမှု ပိုပြီး ရှိသေးသည်။ သူတို့ recipe နှင့် သူတို့ ပေါင်မုန့်၊ ကိတ်မုန့် ဖုတ်သည်က တစ်မျိုး၊ ဆူရှီလုပ်စားသည်က တစ်ဖုံ၊ စာအုပ်ကြည့်ပြီး ဒံပေါက်ဖောက်သည်က တစ်သွယ်။ လုပ်လည်း လုပ်နိုင်ကြသည်။ အတန်ငယ် ပျင်းရိတတ်သော မယ်မွေး၏ အခန်းနီးချင်း နိုင်ငံတကာ ဆက်ဆံရေးပညာကျောင်းသား တစ်ယောက်သာ တစ်ချိန်လုံး ကြက်ဥကြော်နေတာ ဖြစ်သည်။

မယ်မွေးသည် နောက်တော့ ဘယ်လိုသက်သာအောင် ချက်စား နေထိုင်ရမည် ဆိုတာ တဖြည်းဖြည်း သဘောပေါက်လာသောအခါ ကုန်ဈေးနှုန်းကို မလန့်တော့ပေ။ သူ့စကောလားရှစ် ဝင်ငွေနှင့် သူ့အိုး သူ့ဆန် တန်အောင် နေထိုင်တတ်လာသည်။ ဒိန်းမတ်သည် ပစ္စည်းတစ်ခုဝယ်တိုင်း Sale Tax အရောင်းအဝယ်ခွန် ၂၅ ရာခိုင်နှုန်း ဆောင်ရသောပြည် ဖြစ်သဖြင့် မယ်မွေးသည် အဝတ်အစားသစ်

mgyoe.com

mgyoe.com SAMPLE BOOK

ဝယ်ခဲ့လှသည်။ အစားကိုတော့ နည်းနည်းမှ မလျှော့။ ချောင်ချောင်ချိချိ နေနိုင်သော မယ်မွေးပေ။

ယခုအခါ မယ်မွေးသည် နှင်းထုကြားက ညတာရှည်သော နေ့ရက်များကို မဖြတ်သန်းချင်သည်က တစ်ကြောင်း၊ အရွယ်လွန်ကျောင်းသား ဖြစ်သည်က တစ်ကြောင်း၊ အမိမြေနှင့် နီးနီးနားနား နေချင်သည်က တစ်ကြောင်း၊ နောက်ဆံတင်းစရာများကြောင့် တစ်ကြောင်း ဝေးဝေးလံလံလည်း မသွားလိုပြီ။ မြန်မာပြည်၊ သို့မဟုတ် မြန်မာပြည်နှင့် အနီးဆုံးနေရာတွင်သာ ကပ်ပြီး နေ၏။ ထိုအချိန်တွင် နွေတစ်နေ့၏ ကုန်ဈေးနှုန်းသည် မယ်မွေးကို လှုပ်နှိုးလိုက်လေ၏။ မယ်မွေးပေးရသော ဈေးနှုန်းတွင် ၂၅ ရာခိုင်နှုန်း အခွန်လည်း မရှိပေ။ သို့သော် ဈေးမှာ ကြီးမြဲ ကြီး၏။ လူတွေ ဘယ်လိုစားပြီး ဘယ်လိုနေသည်ကို မယ်မွေးမှ တွေးမဆုံးအောင် ရှိလေသည်။ ဒိန်းမတ်တွင် နေစဉ်က နေရာတကာ တွေ့ရသော သူတို့ နိုင်ငံသားများ၏ အကျင့်ကောင်းကလေး တစ်ခု ရှိ၏။ စားစရာကျန်လျှင် နည်းနည်းပင် ဖြစ်စေ။ လွှင့်မပစ်ကြ၊ သိမ်းထားလို့ ရလျှင် သေသေသပ်သပ် ထုတ်ပိုးကာ ပြန်သိမ်းထားတတ်ကြ၏။ စားသောက်ဆိုင်မှာ စားပြီး ပိုလျှင် ပြန်ယူလာတတ်ကြ၏။ ရာသီဥတုလည်း အေးသဖြင့် အသိမ်းလည်း ခံ၏။ ဥပမာ– မယ်မွေး၏ ထမင်းတစ်အိုးသည် အနည်းဆုံး သုံးရက်လောက် ထားလို့ရ၏။ ဥရောပက ပြန်ရောက်ခါစက မယ်မွေးသည် ထမင်းကြမ်းတုံးကလေးကိုပင် ပစ်ရန် နှမြော၏။ လူတိုင်းသည် အစားအသောက်နှင့် ပတ်သက်ပြီး စည်းကမ်းရှိကြပုံကို တွေ့ခဲ့ရ၏။ မြန်မာပြည်ကမူ ရာသီဥတုကလည်း ပူ၏။ အစားအသောက်တိုင်းသည် ရေခဲသေတ္တာထဲ ထည့်သိမ်းလို့ ရသည် မဟုတ်။ သို့သော် ဆီကို ရေချိုးပြီး ဆေးရိုး မီးလှုံခဲ့ဖူးသည်ဟု ဆိုသော်လည်း ထင်သလောက် မပေါများ၊ ထင်သလောက် မလုံခြုံတော့သော ခေတ်ကြီးတွင် ဤဖေကိုယ်တို့မြန်မာအများကား အစားကိုစည်းကမ်းနှင့် စားသောဓလေ့ကို နေ့တိုင်း ကျင့်သုံးရတော့မည့် အချိန်သို့ ရောက်လာခဲ့ပြီတကား။

❖

၅-၅-၂၀၁၅

mgyoe.com

mgyoe.com SAMPLE BOOK

# မယ်မွှေးနှင့် ဂလိုဘယ်လိုက်ဇေးရှင်း

ဂလိုဘယ်လိုက်ဇေးရှင်း ဆိုလို့ ခေါင်းစဉ်ဖတ်ပြီးတာနဲ့ လန့်မသွားနဲ့ဦး။ မယ်မွှေး ဟာ ကြီးကြီးကျယ်ကျယ်တွေ ပြောဖို့တော့ မဟုတ်ဘူး။ သို့ပေသည့် ဂလိုဘယ် လိုက်ဇေးရှင်းရယ်လို့ မြန်မာလို အတိအကျပြန်ဆိုခြင်း မရှိသော်လည်း တွင်တွင် ကျယ်ကျယ် ပြောပြောနေတဲ့ ကိစ္စဟာ မယ်မွှေးလို ကမ္ဘာကြီးရဲ့ အစွန်းအဖျား မယ် နေပေမယ့် ရှောင်လို့ မရပြန်ဘူး။

ဂလိုဘယ်လိုက်ဇေးရှင်း ဆိုလို့ပြောရင် စာရေးတဲ့အလုပ်နဲ့ အသက် မွေးဝမ်းကျောင်း စပြီး ပြုတဲ့ လွန်ခဲ့တဲ့ ၁၃ နှစ်လောက်က တောမတ်အယ် ဖရိုက်မန်းရဲ့ The world is flat စာအုပ်ကြီးကို ယူလာပြီး ဒါ ဖတ်ဖို့ကောင်းတယ် သိလားလို့ လာပေးတဲ့ လုပ်ဖော်ကိုင်ဖက် အစ်ကိုတစ်ယောက်ကို သတိရတယ်။ အဲသလိုနဲ့ ၂၀၀၅ လောက်က စလို့ ဂလိုဘယ်လိုက်ဇေးရှင်းကြီး ရေပန်းစားလာ လိုက်တာ မယ်မွှေးတို့လို ပညာရှာဆဲ ပုစုခရုတွေမယ် ဂလိုဘယ်အရေးကို နှစ်မျိုးနှစ်စား သုံးသပ်သူတွေကြားမယ် မျက်လုံးလေး ကလယ်ကလယ်လည်း ဖြစ်ခဲ့ရသေးတယ်။ ကမ္ဘာဟာ ရွာကြီး ဖြစ်သွားတယ် ဆိုတဲ့ကိစ္စမှာ အဓိကက ကုန်သွယ်ရေးဆက်ဆံမှု သွက်သွက်စိပ်စိပ်ဖြစ်လာတာ၊ ငွေစီးငွေလာ ကောင်း လာတာ၊ လူတွေ ရွှေ့လျားသွားလာရ လွယ်လာတာ၊ သတင်းအချက်အလက်

mgyoe.com

mgyoe.com SAMPLE BOOK

မြန်ဆန်လာတာ ဒါတွေနဲ့ တိုင်းတာတာကိုး။ အခုချိန်ကတော့ ဂလိုဘယ်လိုက်ဇေးရှင်းကြောင့်၊ နည်းပညာကြောင့် ကမ္ဘာ့ဟာရွာတစ်ရွာလို နီးကပ်ဆက်စပ်လာကြမယ်ပေါ့။ ဒါက ဂလိုဘယ်လိုက်ဇေးရှင်းကို အဆိုတင်တဲ့ဘက်က။ တစ်ဖက်မှာလည်း ဂလိုဘယ်လိုက်ဇေးရှင်းလား ဝါးဟားဟားဆိုတဲ့ အုပ်စုလည်း ရှိတယ်။ ဒီအုပ်စုရဲ့ အဆိုကတော့ ဂလိုဘယ်စီးပွားဟာ ကော်ပိုရိတ်စီးပွားပဲ။ ကမ္ဘာဟာရွာဖြစ်လာရင် ဘယ်ရွာသားက ပိုအကျိုးရှိမလဲ ဆိုတာကို မေးခွန်းထုတ်တယ်။ နောက်ဆုံး နဂိုဖွတ်က ဖွတ်သထက် ညစ်စရာပိုများတဲ့ မော်ဒယ်လို့ ဆိုတယ်။ အဲတော့ ဖွတ်မဖြစ်အောင်က နေတတ်ဦးမှ။ ကိုယ့်ရှိတဲ့ လိုကယ်အင်အားကို ပြန်ရှာဦးမှ၊ ထိန်းဦးမှ၊ သူများယောင်လို့ယောင် အမောင် တောင်မှန်းမသိလို့ မဖြစ်ဘူး။ ရွာဖြစ်လာတော့ ကမ္ဘာကို အိမ်ဦးနဲ့ ကြမ်းပြင်လို စုန်ချည်ဆန်ချည် ကူးချင်ကူး၊ ကမ္ဘာ့ရတနာကို အိပ်ကပ်ထဲ ထည့်လိုထည့် တတ်နိုင်သူတွေဟာ ဘယ်သူ ဖြစ်မလဲ၊ နိုင်ငံတော်အစိုးရတွေထက် ချမ်းသာနေတဲ့ ကော်ပိုရိတ်တွေ ဖြစ်မှာပေ့ါလို့ ဆိုတယ်။ ဘယ်သူတွေကို အကျိုးရှိစေမလဲဆိုရင် ကော်ပိုရိတ်ကိုပဲ အကျိုးရှိစေမှာ။ ကျန်တဲ့သူတွေကို အကျိုးရှိစေတယ် ဆိုရင်တောင်မှ အရိုးအရင်းထက် ပိုဖွယ် မရှိဘူး။ ပြီးတော့ နိုင်ငံတကာမှာ အထိန်းမဲ့အကွပ်မဲ့ ငွေကြေးစီးဆင်းမှုတွေဟာ အားနည်းသူကို ကူပေးမယ့်အစား အမြတ်အစွန်းများရာ ငွေစုစေတာပဲ။ ဖြစ်ခဲ့တဲ့ ၂၀၀၈-၂၀၀၉ ခုနောက်ပိုင်း ထွက်လာတဲ့ ဂလိုဘယ်လိုက်ဇေးရှင်းကိုနိုင်ငံတကာမှာတိုင်းတာတဲ့အစီရင်ခံစာအကြီးစားနှစ်ခုလောက်မှာ ဝါးဟားဟားအုပ်စုက ထောက်ပြတာတွေက အသာစီးရနေတယ်။ တကယ်လည်း ဂလိုတယ်လိုက်ဇေးရှင်းလို့တစ်နည်းတင်စားတဲ့ Global connectedness က အတက်ထက် အကျဘက်ကိုပဲ ပြတယ်။ နည်းပညာကြောင့် လူတွေဟာ ပိုနီးလာသလား၊ ပိုဝေးလာသလား ဆိုတာကလည်း မေးစရာ ရှိလာတယ်။ နည်းပညာကြောင့် ပညာပိုတတ်မယ် ဆိုတဲ့ကိစ္စမယ် လူနဲ့သာ ဆိုင်တယ်။ အခုက ပိုတောင်မတတ်ဖို့ နီးလာသေးသလားလို့ စဉ်းစားနေကြရတယ်။ ဟိုတုန်းကတော့ သတင်းအချက်အလက် မရှိတဲ့ ပြဿနာ အခုအခါမှာတော့ များလွန်းလို့ အမှန်က ဘာလဲလို့ စစ်ထုတ်တွေးတောရတဲ့ ပြဿနာ။ အဲဒီမှာ မစစ်ထုတ်တတ်ရင် ပြဿနာက အကြီးအကျယ်တက်တာပဲလို့ ဆိုကြတယ်။ ဒီ့အပြင် ပညာဆိုတာ အချက်အလက်တင် မဟုတ်ဘဲ၊ ချိန်နိုင်ဆနိုင် မြော်မြင်နိုင်တာကို ပြောတာကိုး။

mgyoe.com

mgyoe.com SAMPLE BOOK

နောက်ပြီး လူတွေဟာ ဂလိုဘယ်လိုက်ဇေးရှင်းလို့ ပြောရင် စီးပွားရေးအရ ဆက်ဆံတာကို အရင်ပြောပြီး ရှုပ်ထွေးလှတဲ့ ယဉ်ကျေးမှု ရောစပ်ပုံ ကို ဘယ်လို တိုင်းရမှန်း မသိတာပါပဲ။

မယ်မွေးဟာ တကယ်တော့ အထက်ပါ ဂလိုဘယ်လိုက်ဇေးရှင်းရဲ့ နိဒါန်းတွေ၊ အချိုးတွေကို ပြောချင်တာ မဟုတ်ဘူး။ သူ့မယ် ခေါင်းစဉ်တပ်ပြီးလို့သာ ဆက်ရေးနေရတာ။ သူတကယ်ပြောချင်တာက သူနဲ့ နယ်က သူ့အဆွေအမျိုးတွေကြားမှာ ဖြစ်တဲ့ ကိစ္စပဲ။ ပြီးခဲ့တဲ့ တစ်ပတ်က မယ်မွေးဆီကို သူ့ရဲ့ ဆွေမျိုးများက မင်္ဂလာဆောင် ဖိတ်တယ်။ ဖိတ်တာ ရိုးရိုးဖိတ်တာ မဟုတ်ဘဲ အပူကလေးပါကပ်သေးတာ။ မင်္ဂလာဆောင်မယ့် မိန်းကလေးက မွန်ပြည်နယ်က လူငယ်များစွာထဲက တစ်ယောက်လိုပဲ ထိုင်းနိုင်ငံထဲ အလုပ်လုပ်နေတာ။ အဲဒီမယ် သူယူမယ့် သူငယ်လေးနဲ့ တွေ့ကြတာပဲ။ သူ့လိုပဲ မှတ်ပုံတင်ထားတဲ့ ရွှေ့ပြောင်းလုပ်သားတွေပေါ့။ နှစ်ကြီး ရွှေ့ပြောင်းလုပ်သားတွေမို့ သူတို့မယ် နိုင်ငံခြားသား အသိမိတ်ဆွေလေးတွေ ရှိလာတယ်။ အဲဒီတော့ မင်္ဂလာဆောင်မယ် လုပ်တဲ့အခါမှာ မြန်မာလိုရိုက်ထားတဲ့ ဖိတ်စာအပြင် အင်္ဂလိပ်လို ဖိတ်စာလေး ရိုက်ချင်တာပဲ။ အဲဒီတော့ အမျိုးထဲမယ် အကူအညီတောင်းစရာ ဘယ်သူ့ကို တွေ့သလဲ ဆိုတော့ မယ်မွေးရယ်ပေါ့။ သူက လောလောဆယ် ဗြိတိသျှများရဲ့ ရုံးတစ်ရုံးမှာ အလုပ်လုပ်နေတာ မဟုတ်လား။ သူ့ မရေးခိုင်းရင် ဘယ်သူ့ရေးခိုင်းမတုံး ဆိုပြီးတော့ အမျိုးထဲ တာဝန်ချတာ မယ်မွေးဆီ ရောက်လာပါလေရော။ အဲဒီတော့ အနောက်တိုင်း ဖိတ်စာများရဲ့ ထုံးစံကို မယ်မွေးဟာ အတုယူပြီး လှလှပပ ပန်းပွင့်ပန်းခက် ဒီဇိုင်းလေးလုပ်လို့ ပြန်ပို့ထည့်လိုက်ပါလေရော။ နိုင်ငံခြားက ဖိတ်စာစတိုင်ဆိုတာက မိဘများနာမည် ပါခဲတာကိုး။ မိဘနာမည်ကို ဖြုတ်တယ်။ ပြီးတော့ မယ်မွေးရဲ့ အတွေးက ထိုင်းနိုင်ငံမယ် နှစ်ယောက်တည်း နှစ်ဖက်မိဘ မပါဘဲ ဆောင်မယ့် မင်္ဂလာဆောင်မယ် မွန်ပြည်နယ်မယ် နေထိုင်တဲ့ မိဘများကိုလည်း မင်္ဂလာဆောင်ကို တက်ရောက်ကြမယ့် ဘယ်နိုင်ငံခြားသားကမှ မသိတာမို့ မထည့်ရင်လည်း ကိစ္စမရှိ၊ ကျွန်မ၊ ကျွန်တော်တို့ မင်္ဂလာဆောင်ကို ဒီနေ့၊ ဒီအချိန်မှာ ကြွရောက်ကြပါရှင်၊ ခင်ဗျာနဲ့ ကိစ္စပြတ်တာကိုး။ ပြီးတော့ မယ်မွေးဟာ မြန်မာတွေရဲ့ အသုဘနဲ့ မင်္ဂလာဆောင်မှာ ဘွဲ့တွေ ထည့်ပြီး ကြော်ငြာတာဟာ သိပ်တော့ မကောင်းဘူး။ ငါ ဘာကြီး တတ်မြောက်ထားတယ် ဆိုတာ မပြော

mgyoe.com

mgyoe.com SAMPLE BOOK

လည်း ဖြစ်တာပဲ။ ဘွဲ့ထည့်တော့လည်း နိုင်ငံခြားသားတွေ မျက်လုံးထဲ ကဲ့ရဲ့စရာ များ ဖြစ်မလား ဆိုပြီး သတို့သမီးတစ်ယောက်သာ ကွက်ရထားတဲ့ ဘီအက်စ်စီ ဘွဲ့ကလေးကိုလည်း စာမျက်နှာပေါ်က ဖြုတ်ပစ်လိုက်ပြန်ပါတယ်။ ပြီးတော့ မယ်မွေးဟာ ဖီးမနစ်ဝါဒီကိုလည်း ယုံကြည်သေးတာ မဟုတ်လား။ အနောက် တိုင်းထုံးစံ Lady first ပေါ့လေ။ အမျိုးသမီးကို ရှေ့ကတင်ပြီး ရေးတယ်။ မဘယ်သူ နှင့် မောင်ဘယ်သူတို့၏ မင်္ဂလာပေါ့လေ။ ဖိတ်စာကလည်း မများပါဘူး၊ ၁၅ စောင်တည်းရယ်ပါ။ လိပ်စာနဲ့ နေ့ရက် မှန်ဖို့က ပိုအရေးကြီးသားဟ လို့လည်း တွေးပြန်ရော။ အဲဒါနဲ့ သူလုပ်ချင်ရာ လုပ်လိုက်ရတဲ့ မယ်မွေးဟာ သူလုပ်တာကို သူများ ကြိုက်မယ်လည်း ထင်နေတော့တာ။ နို့ ... သူတို့က နိုင်ငံခြားသားကို ပေးဖို့ ဆိုတာကိုး။ နိုင်ငံခြားသားကို ပေးရင် နိုင်ငံခြားသားတွေ လုပ်သလိုပေါ့လို့ တွေးတယ်။ ရောမရောက် ရောမလိုပေါ့လို့ ဆိုပြီး နေလိုက်တယ်။

အဲသဟာက တကယ်တော့ မိုးမီးလောင်ခြင်းရဲ့ အစပါပဲ။ မယ်မွေးရဲ့ နယ်မှာရှိတဲ့ အိမ်ကို သတို့သမီးမိဘများ ဖြစ်တဲ့ သမီးလေးကို ဖူးဖူးမှုတ်မတတ် ချစ်ရတဲ့ ခြောက်စားတဲ့ အစ်မဝမ်းကွဲနဲ့ သူ့အမျိုးသားဟာ မုန်တိုင်းထန်သလို လာရောက် သောင်းကျန်းသွားတာပါပဲ။ အဓိက ပြစ်ချက်ကတော့ သုံးခုပါ။ မယ်မွေး ဟာ သူတို့သမီးရဲ့ ဘီအက်စ်စီဘွဲ့ကို ဘယ့်သတ္တိကြောင့် ဖြုတ်ရဲရသတုံး ဆိုတာက ပထမပြစ်ချက်ပါ။ သတို့သမီးဟာ တက္ကသိုလ်က ဘွဲ့ရပညာတတ် ဖြစ်တယ်။ ဘာ့ကြောင့် ဘွဲ့ကို ဘာလို့ ဖြုတ်ရမလဲတဲ့။ ပြီးတော့ ရွာမှာ ဘိသိက်ဆရာ လုပ်နေ တဲ့ သတို့သမီးရဲ့ အဖေက မယ်မွေးကို အလွန်အသည်းနာတဲ့ အချက် ရှိပါသေး တယ်။ သူ့သမီးကံကြမ္မာကို မယ်မွေး ဘာ့ကြောင့် မှောက်ရတာသတုံးလို့ ဆို တယ်။ အဲဒီတော့မှ မယ်မွေး မျက်လုံးပြူးရတယ်။ ဖိတ်စာမှာ မိန်းကလေးနာမည် ကို အရှေ့က ထားတော့ သူ့သမီး အိမ်ထောင်ကံနိမ့်ရင် တစ်သက်လုံး မယ်မွေး ဟာ အပြစ်ရှိသတဲ့။ အိမ်ထောင်မပျက်ရင်တောင်မှ သူ့သမီးဟာ အသက် သုံးလေး နှစ်ငယ်တဲ့ အမျိုးသားကို လက်ထပ်ခဲ့သူ ဖြစ်လေတော့ တစ်သက်လုံး အိမ် ထောင့်ဝန်ကို ပင်ပန်းတကြီး ထမ်းဆောင်ရတော့မှာပဲတဲ့။ ဩော်... မယ်မွေးရဲ့ ဂျန်ဒါမျက်မှန်ဟာ ဒီလိုနေရာမှာ အသုံးမဝင်ဘူးလို့ မှတ်သားရတယ်။ နာမည် အရှေ့က ရေးထားတာက မကောင်းတဲ့နိမိတ် ဖြစ်သည်တဲ့။ သူ့သမီး အပေါ် ဆိုးရွား တဲ့ ဘဝ ရစေခဲ့ရင် ဘယ်သူ့တာဝန်လဲတဲ့။ နံပါတ်သုံး – သူတို့ ဒေါသအထွက်ဆုံး

mgyoe.com

mgyoe.com SAMPLE BOOK

ကတော့ သူတို့မိဘနှစ်ပါးနာမည်ကို မြန်မာလိုဖိတ်စာမှာ ပါပြီး အင်္ဂလိပ်လို ဖိတ်စာမှာ မပါရအောင် နင်က ဘာသဘောလဲ ဆိုတယ်။ မယ်မွှေးက ဒုက္ခပဲ၊ ကျွန်မ ဒီလိုဖြစ်ဖို့ မရည်ရွယ်ပါဘူး ဟု ဆိုသော်လည်း ဒေါ်သမှာ မပြေတော့။ ငါတို့က အင်္ဂလိပ် မဟုတ်ဘူး၊ မြန်မာတွေပဲ၊ အင်္ဂလိပ်လို လုပ်လို့မရဘူး ဆိုတာ နားမလည်ဘူးလား ဆိုသောအခါ တယ်လီဖုန်းပေါ်မှာ ဇာတ်စုံကို ကြားရသော မယ်မွှေးဒေါ်သမထွက်တော့။ သူ့ကိုယ်သူသာ ဟက်ဟက်ပက်ပက် ရယ်မောမိ၏။ ကမ္ဘာကား မပြား၊ ဘယ်လိုမှ မပြား။ အချို့နေရာများတွင် အလုံးကြီး အတိုင်းသာ။ လွန်တာရှိ ဝန္ဒာမိပါ။ မှားတဲ့အခါလည်း မှားပေမပေါ့။

❖

၁၈-၁၁-၂၀၁၄

mgyoe.com

mgyoe.com SAMPLE BOOK

# မယ်မွေးနှင့် ယဉ်ခြင်းဆုတောင်း

မယ်မွေး မနက်က နိုးချိန်မှာ မစောလှ။ မစောဆို ညက နှစ်နာရီနီးမှ အိပ်ရာဝင်သည်ကိုး။ စောစောသာ ထမိလျှင်ဖြင့် ဒီစာကို ရေးစရာအကြောင်း မရှိလေ။ ဘုရားကိုလည်း ဒီ့ထက်အေးအေး ရှိခိုးရပေမည်။ မနက်နိုးသည်နှင့် လေးဆယ့်ငါးမိနစ်စာ ဘုရားရှိခိုး၊ ယောဂနှင့်တရားထိုင်တာ သုံးမျိုးပေါင်းထားသည့် ကိုယ့်ဘာသာ ဖော်ထားသောဆေးကို သောက်သည်။ ဒီဆေးသာ မရှိလျှင် ခန္ဓာကလည်း သူ့ကို မဟာန်တာတွေချည်း မတန်မရာခိုင်းသည်ဟု ဆိုကာ သောင်းကျန်းဒဏ်ခတ်လိမ့်မည်။ စိတ်ကလည်း ဆင်ရိုင်းလို ချွန်းမအုပ်နိုင် ဖြစ်မည်။ ဘုရားစင်ရှေ့ ဩကာသပင် မဆုံးသေး ကြည့်မြင်တိုင် ဟိုဘက်ရပ်ကွက်ဆီမှ ရွှေတိဂုံစေတီတော်ကြီးအား နှစ်စဉ်ရွှေသင်္ကန်း ဆက်ကပ်တော်မူကြကုန်သော သပ္ပုရိသအပေါင်း သူတော်ကောင်းတို့ ဦးစီးသည့် ဥပသကာများအဖွဲ့ကား ခြိမ့်ခြိမ့်သဲသဲလမ်းထဲသို့ ရောက်လာချေပြီ တစ်မုံ့။

မနက်ခင်း ဆယ့်ငါးမိနစ် အနိုင်နိုင် တရားထိုင်နေရသူ၏ ပါရမီဉာဏ်ကား အထုံနည်းလှသည်ထင့်။ အလှူခံလူတန်းကြီးတွင် ဖွင့်ထားသော သီချင်းများက ငါ့အား အနှောင့်အယှက်မဖြစ်စေရဟူ၍ အဓိဋ္ဌာန်သော်လည်း နုနယ်လှသော သူ့သမာဓိနှင့် လမ်းပေါ်မှ ဘင်သံ၊ ဆိုင်းသံတို့မှာ ပုံလုံတစ်လှည့် ငါးပျံတစ်လှည့်

mgyoe.com

mgyoe.com SAMPLE BOOK

ဆိုသလို တစ်လှည့်စီသာ အထက်စီးရနေကြလေသည်။ တနင်္ဂနွေရက်သတ္တ တစ်ပတ်စာကို မင်္ဂလာတရားနှင့် စစိမ့်ခြင်းငှာ အသက်ဆယ်နှစ်က အဖေ့ညီ ဦးဇင်းကြီး သံနေသံထားဖြင့် ချပေးသော မင်္ဂလသုတ်ကို ရွတ်သော်လည်း မှတ်ဉာဏ်မှာ ဖောက်ထိုးဖြစ်လုမတတ် ဖြစ်ရာက မထိန်းနိုင်ချေ။ ဗုဒ္ဓဿလောက ဓမ္မေဟိ စိတ္တံယသနကမ္မတိနားရောက်ခါမှ မယ်မွေးမှာ အကုန်ကော ဆိုဖြစ်ခဲ့ရဲ့လား မသေချာ။ သို့နှင့် ယံမင်္ဂလံ ဒွါဒသဟိ စိန္တိယံသု သဒေဝကာဆီ နောက်တစ်ခေါက် ပြန်ရောက်လေသည်။

ရွှေသက်နိုးကပ်လှူရန် အလှူခံသူတို့ကား အုန်းအုန်းကျွတ်ကျွတ် အသံချဲ့စက် ငါးစုံမျှ မြေနီကုန်းမှသည် ကြည့်မြင်တိုင်ကမ်းနား ဗားကရာချောက်ပတ်ဝန်းကျင် တစ်လျှောက်လုံး နိဗ္ဗာန်ဆော်ကို မကြားသူ မရှိစေရ ဟူသော အဓိဋ္ဌာန်ဖြင့် ရောက်ရှိလာကြလေသည်။ ပထမ ဆိုက်ကားပေါ်မှ အသံချဲ့စက်သည် အောင်ခြင်းရှစ်ပါးကို ဖွင့်ပြီး သူ့နောက်မှလိုက်သော ဟိုက်ဂျက်ပေါ်မှ အသံချဲ့စက်ကား မမပုသိမ်သူ ဖြစ်၏။ တတိယတစ်စီးပေါ်မှ အသံချဲ့စက်ကား ငါက ဗိုလ်အောင်ဒင်ဟု ကြုံးဝါးနေပြီး စတုတ္ထလိုက်သည်ကား မိုးလုံးမှိုင်း ဖြစ်၏။

သမာဓိသည် ဆောက်တည်ရန် ခက်ခဲလေစွ။ သူတို့ဘာသာ လမ်းပေါ်ဖြတ်တာပဲ။ မယ်မွေးရယ်... သည်းရန်ကော။ ကိုယ့်သီလ ကိုယ်ဆောက်တည်စမ်းဟု ဆိုကာ ဆိုလက်စ မေတ္တာသုတ်ကို အစက ပြန်ကောက်သည်။ မေတ္တာ၊ မေတ္တာသာ မပါရင်ဖြင့် ဘာမှ မအောင်နိုင်ဘူး။ ရုံးမှာလည်း အဆင်မပြေနိုင်ဘူး။ ဈေးမှာလည်း အဆင်မပြေနိုင်ဘူး။ သူတို့ဘာသာသူတို့ ပျော်လို့ရွှင်လို့ အသံချဲ့စက်နဲ့ ကလိုက်၊ ခုန်လိုက် အလှူခံတဲ့ ကိစ္စမှာလည်း မိမိ မေတ္တာမပွားနိုင်ရင်ဖြင့် မိမိသာ ပင်ပန်းမယ်။ အာရုံကို ပြန်ခေါ်။ ဒါနဲ့ ဆိုနေတာက ဘယ်နားရောက်ပြီတုံး။ ယေ ကေစိ ပါဏ ဘူတတ္ထိ... အဲလေ အဲဒီနားကို မရောက်သေးဘူး။ ပါဠိလို အာရုံစိုက်လို့ မရတော့ရင် မြန်မာလိုသာ စိတ်ထဲက အာရုံပြုပြီး ဒီနေ့ ဦးချရစ်ပေတော့။ အိမ်ရှေ့က ကြာရှည်ကြာမျှား ဆိုနေကနေကြတဲ့ အလှူခံတန်းကြီးကိုလည်း အာရုံပြု မေတ္တာပို့လို့ အမျှဝေ။

ရောင့်ရဲလွယ်ရာ၏၊ သူတစ်ပါးတို့က ပြုစုလွယ်၊ မွေးမြူလွယ်သူမျိုး ဖြစ်ရာ၏။ ကိစ္စနည်းစေရာ၏ အသက်မွေးမှု ပေါ့ပါးခြင်း ရှိရာ၏။ မျက်စိ စသော ဣန္ဒြေတည်ငြိမ်မှု ရှိရာ၏။ ရင့်ကျက်သောပညာ ရှိရာ၏။ အမူအရာ မကြမ်း

mgyoe.com

တမ်းစေရာ၊ ဒါယကာများ၊ ဆွေမျိုးများ သံယောဇဉ် ငြိတွယ်လွန်းခြင်း မဖြစ်စေရာ...။

ဟောတော့်... ခုနက အရေးပိုင်မင်းကို ကော်ဖီပေးမယ် ပြောထားတာ အခုထိ ရေနွေးအိုးက ပလပ်မတပ်ရသေးဘူး။ ဒီလောက် ဆူညံသံတွေ ကြားထဲမှာ သူက အသံမထွက်ဘဲ ဘာလုပ်နေတာပါလိမ့်။ ဩော်...နေနိုင်လေခြင်း။ နေတတ်လေခြင်း။ မှန်တံခါး အလုံပိတ်အခန်းထဲမတော့ ငါ့လောက် အကုသိုလ်ဘယ်များမတုံး။ ဟယ်... ငါ့နှယ် ကိုယ့်ဟာကိုယ် စိတ်မထားတတ်တာကိုပဲ သူတစ်ပါး အေးဆေးနေတာကို အပြစ်တင်နေသေးတယ်။ နေပါဦး... မေတ္တာသုတ်က ဘယ်ရောက်သွားတာပါလိမ့်။

...အမိသည် မိမိဝမ်း၌ လွယ်၍ မွေးရသော တစ်ဦးတည်းသော သားကို အသက်လောက် ချစ်မြတ်နိုး၍ အစဉ်မပြတ် စောင့်ရှောက်သည့်နည်းတူ သတ္တဝါအားလုံးတို့အပေါ်၌ အတိုင်းမသိ ကြီးမားသော မေတ္တာစိတ်ကို ပွားများရာ၏။......

ဟယ်...တော်ပါပြီ၊ ဆက်စဉ်းစားလို့လည်း မရတော့ဘူး။ အလှူခံတွေ ဒီတစ်ခါ အိမ်ရှေ့မှာရပ်တာ ကြာလှချည်လား။ အုန်းအုန်းဒိုင်းဒိုင်းက ခုမှ ပိုဆိုးလာသလိုပဲ။ ပိုဆိုးဆိုတော့ အခုခေတ် ကောင်ကလေးတွေဆိုတဲ့ အဆဲတွေ အများကြီးပါတဲ့ ရက်ပ်တွေ ဖွင့်ပြီး ကတဲ့ အဖွဲ့ကိုး။ မနက်ကြီးလည်း ကလပ်ရောက်နေသလို ကနေကြပြန်ပြီ ထင်ပါရဲ့။ ကဲ... ကဲ...၊ မထူးပါဘူး။ အရှင်ဘုရား တပည့်တော် ဒီကနေ့တော့ ပြုမြဲဝတ်ကို မပြီးတော့ပါဘူး ဘုရား။ ညကျမှပဲ တစ်ကျော့ မအိပ်ခင် သတိရရင်တော့ ဝတ်ပြုသေးတာပေါ့ ဘုရား။

တပည့်တော် တစ်လောဆီက The Economist က ကိုးကားတဲ့ ၁၉ ရာစုက ဩဇာကြီးတဲ့ စာအုပ်တစ်အုပ်အကြောင်းကို နည်းနည်းမြည်းမိပါတယ် ဘုရား။ ရေးတဲ့သူက Matthew Arnold ပါတဲ့။ သူပြောတဲ့ အကြောင်းအရာက ယဉ်ကျေးမှုနှင့် မင်းမဲ့စရိုက်ပါတဲ့ ဘုရား။ 'Culture and Anarchy' လို့ နာမည်တပ်ထားပါတယ်။ အဲသည်ထဲမှာ သူပြောချင်တာကတော့ ဒီလို စက်မှုခေတ်ကြီးထဲမှာ စားသုံးသူပဓာနဝါဒ ထွန်းကားတဲ့ ခေတ်ကြီးထဲမှာ လူ့အဖွဲ့အစည်းကို အရိုင်းအစိုင်းတွေလို သွေးကွဲ ပြိုပျက်မသွားအောင်၊ ရန်စောင်မနေကြအောင် ထိန်းထားတာကတော့ High culture ပါပဲတဲ့ ဘုရား။ ဘယ်လိုလှအောင် ဘာသာပြန်ရမလဲတော့ တပည့်တော် မသိပါဘုရား။ အဆင့်အတန်းရှိတဲ့ ယဉ်ကျေး

m g y o e . c o m